မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်း ကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့ | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၉)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်နောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ (၇၇)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ ဖတ် စ ရာ

ကမ္ဘာတစ်ဝန်း နည်းပညာချို့ယွင်းမှုများဖြစ်ပေါ်ပြီးနောက် လေဆိပ်ဝန်ဆောင်မှုများ အနှောင့်အယှက်ဖြစ်ပေါ်

နိုင်ငံတကာသတင်း | စာ ၁၃

စိုက်မွေးစွမ်းအား တိုးအားထား၍ တိုးတက်စေမည် ဂျီဒီပီ

ဆောင်းပါး | စာ ၁၆

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၉

ပေါင်မြို့	၅ ဒသမ ၃၉	လက်မ
ကျိုက်မရောမြို့	၄ ဒသမ ၈၀	လက်မ
ငပုတောမြို့	၄ ဒသမ ၅၃	လက်မ
ချောင်းဆုံမြို့	၄ ဒသမ ၁၃	လက်မ
မော်လမြိုင်မြို့	၄ ဒသမ ၀၂	လက်မ
မြိတ်မြို့	၃ ဒသမ ၆၆	လက်မ
မဒေါက်မြို့	၃ ဒသမ ၆၂	လက်မ
လပွတ္တာမြို့	၃ ဒသမ ၆၂	လက်မ

ဝါယမ ပိုမိုစိုက်ထုတ် ပို၍ အလုပ်လုပ်ကြရန်လို

နိုင်ငံ့စီးပွားမြင့်မားရေးအတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ သယံဇာတများရောင်းချခြင်းကို ထိန်းထားပြီး ကုန်ထုတ်လုပ်မှုမြင့်တင်ရေး၊ ထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးကို အဓိကကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုမြင့်တင်ရေးဟုဆိုရာတွင် ပြည်တွင်းသုံးစွဲမှု၊ စားသုံးမှုဖူလုံရေး၊ ပြည်ပသို့ ပိုမိုတင်ပို့ရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်ရေးဟူ၍ အပိုင်းသုံးပိုင်းပါဝင်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ဂျီဒီပီ(စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး) သည် မိမိတို့နှင့် ရေမြေသဘာဝနှင့် တူညီသည့် ဒေသတွင်းနိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိနေသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေအများအပြားရှိနေပြီး လူဦးရေဆိုင်ရာဆုလာဘ်ကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် လူသားအရင်းအမြစ်ကို တန်ဖိုးမြင့်မားလာစေရန်နှင့် တက်ကြွလှုပ်ရှားသည့် အင်အားများဖြစ်လာစေရန် စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပိုမိုလျင်မြန်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးအတွက် အရင်းအမြစ်များအားလုံးနှင့်ပြည့်စုံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ၏ ရေ၊ မြေသယံဇာတတို့ မည်မျှပြည့်စုံသည်ဖြစ်စေ အဓိကအကျဆုံးမှာ ထိုရေ၊ မြေတို့ကို ကောင်းစွာအသုံးချလုပ်ကိုင်ကြရမည့် လူသားလျှင်ဖြစ်သည်။ ရေ၊ မြေသဘာဝထူသည့် နိုင်ငံချင်းယှဉ်ရာတွင် မိမိတို့၏ ထုတ်လုပ်မှုနိမ့်ကျနေခြင်းမှာ ယခုထက်ပို၍ အလုပ်လုပ်ကြရန် လိုအပ်သည်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိက နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုမြင့်မားမှုသာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်သည်။ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်အတွက် သီးနှံအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရေးနှင့် စွမ်းအားပြည့်စိုက်ပျိုးရေး အလေးထားဆောင်ရွက်လာရန် နိုင်ငံတော်က တွန်းအားပေးလျက်ရှိသည်။ ပထမအချက်ဖြစ်သည့် သီးနှံအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးသီးနှံအလိုက် လိုအပ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" ဖြစ်သော မျိုးကောင်းမျိုးသန့်ရရှိရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် မြေပြုပြင်မှုများဆောင်ရွက်ရေး၊ စိုက်ပျိုးရေအလုံအလောက်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် ခေတ်မီနည်းစနစ်များ ရရှိရေးတို့ဆောင်ရွက်ရန်လိုအပ်သည်။ ဒုတိယအချက်ဖြစ်သော စွမ်းအားပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးမြေအားလုံး သီးထပ်စွမ်းအားပြည့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားမြင့်မားရေးအတွက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးထားပြီး စိုက်ပျိုးထုတ်လုပ်သူတောင်သူတို့ လိုအပ်သည်များကို ပံ့ပိုးကူညီပေးသည်ဟုဆိုစေကာမူ အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်သို့မရောက်နိုင်ကြသေး။ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် အချက်(၄) ချက်တို့လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် မပြီနိုင်သေး။ ဤလေးချက်မညီခြင်းကြောင့် စိုက်ပျိုးသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းမရနိုင်သေး။ အရေးအကြီးဆုံးသော လိုအပ်ချက်မှာ စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေကြသည့် လူများအားလုံး၏ အလုပ်လုပ်လိုစိတ်ပင်ဖြစ်သည်။

မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ကိုက်ညီပြီး နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို လျင်လျင်မြန်မြန် ဖြစ်ထွန်းစေနိုင်မည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရာတွင် တာဝန်ခံဆောင်ရွက်သူအဆင့်ဆင့်တို့မှ အောက်ခြေ(Grass root level) အထိ အရေးပါသည်၊ အရေးကြီးသည်။ ထိုနည်းတူစွာပင် မိမိတို့၏ လယ်ယာမြေများပေါ်တွင် ကိုယ်တိုင်စိုက်ကြ ပျိုးကြမည့်တောင်သူများ အမြော်အမြင်ကြီးရန်၊ လုံ့လဝီရိယ ပိုမိုစိုက်ထုတ်ကြရန်လည်း လိုအပ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် မိမိတို့အားလုံး ကိုယ်အား၊ ဉာဏ်အား အစွမ်းကုန်ဝါယမစိုက်ကာ နိုင်ငံ့စီးပွားမြင့်မားအောင် ကြိုးပမ်းမြှင့်တင်ကြရပါမည့်အကြောင်း။ ။

မာရဝိဇယ ဦးတင်သသည်

❂ ကျောက်သလင်း(သိလာ)၊ ရတနာမှ
ချိန်ခါသင့်မြတ်၊ ပေါ်ထွန်းလတ်၍
အောင်ရပ်ခေါင်မော်၊ နေပြည်တော်၌
စံပျော်ထူးစွ၊ ဖူးမြော်ရသည်
"မာရဝိဇယ" မြတ်ဘုရား...။
ဦးတင် ပန်ထွာမိသည်တကား...။

❂ တဘောင်အတိတ်၊ ဆောင်နိမိတ်နှင့်
အောင်ဟိတ်ရှိပေ၊ ရှေးပဝေက
တည်နေချက်ချာ၊ ဤနေရာဝယ်
သာသနာထွန်းပ၊ လပြည့်ညသို့
စာချစာအံ၊ သိမ့်သိမ့်လျှံလိမ့်
သံချိုဥသြ၊ ပုံဆောင်နှောလျက်
ပြန့်ပြောစည်ပင်၊ ထင်းထင်းမြင်လိမ့်
ရိုးစဉ်မှာတမ်း နှုတ်ဆင့်ကမ်း...။
ဗုဒ္ဓမေမွှ ရောင်ဝါလျှမ်း...။

❂ တစ်သက်တစ်ခါ၊ ကြုံရပါပြီ
တစ်ခါဆိုငြား၊ လွန်ထူးခြားလျက်
တိုင်းကားရွှာပြည်၊ ငြိမ်းချမ်းစည်ဖို့
စုံညီနဝင်း၊ ယှက်ဖြန့်ခင်း၍
ထင်လင်းရှုကြည့် လေ့လာသိဖို့
ဝိဋ္ဌကတ်စုံ၊ မြတ်သုံးပုံလည်း
ကုန်စင်ကျောက်ထက်၊
တည်နေလျက်မို့
ကျက်သရေအတိ ခက်ဝေဘိ...။
လေးမြတ်လှစွာ ဦးတင်မိ...။

❂ "အောင်စစ်ရန်ပြို"၊ ဖော်ညွှန်းဆိုအံ့
ဝါဆိုလပြည့်၊ ပြန်အောက်မေ့သော်
ကြွေ့ကြွေ့လျှံသစ်၊ ချိန်တစ်နှစ်ဝယ်
"အောင်စစ်ရန်သုဉ်း"၊ ဖွင့်ဆိုနှုန်းအံ့
ပြည်လုံးခြုံဘိ၊ ပကတိသို့
လပြည့်ဝါဆို၊ သည်ခါကိုလျှင်
ဘုန်းမိုရ်မြတ်စွာ၊ ဘဂဝါတည့်
"မာရဝိဇယ"၊ ဦးတင်သသည်
မုချပြည်ခွင် ငြိမ်းစေသော်...။ ။

မောင်စိမ်းနောင်(လယ်ဝေး)

ရှင်းလင်းချက်
အောင်စစ်ရန်ပြို = ၁၃၈၅ခုနှစ်
အောင်စစ်ရန်သုဉ်း = ၁၃၈၆ခုနှစ်

မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၉ - မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၆၈၅	၂၇၆၅	၂၇၄၀	၂၆၉၅	၂၇၆၅	၂၇၈၀	၂၇၉၀	၂၇၅၅	၂၈၇၅	၂၉၀၅	၂၇၅၅	၂၇၇၀	၂၈၀၀	၂၇၉၀	၂၈၀၀	၃၂၁၀	၃၉၅၀
95 Ron	၂၈၀၅	၂၈၈၅	၂၈၆၀	၂၈၁၅	၂၈၈၅	၂၉၀၀	၂၉၁၀	၂၈၆၅	၂၉၉၅	၃၀၂၅	၂၈၇၅	၂၈၉၀	၂၉၂၀	၂၉၁၀	၂၉၂၀	၃၃၃၀	၄၁၀၀
HSD (500 ppm)	၂၄၇၅	၂၅၅၅	၂၄၇၀	၂၄၂၅	၂၅၅၅	၂၅၁၀	၂၅၂၀	၂၄၇၅	၂၆၀၅	၂၆၃၅	၂၄၈၅	၂၅၀၀	၂၅၃၀	၂၅၂၀	၂၅၃၀	၂၉၄၀	၃၉၅၀
HSD (50 ppm)	၂၈၃၅	၂၉၁၅	၂၈၉၀	၂၈၄၅	၂၉၁၅	၂၉၃၀	၂၉၄၀	၂၈၉၅	၃၀၂၅	၃၀၅၅	၂၉၀၅	၂၉၂၀	၂၉၅၀	၂၉၄၀	၂၉၅၀	၃၃၆၀	၃၉၅၀
HSD (10 ppm)	၂၈၃၅	၂၉၁၅	၂၈၉၀	၂၈၄၅	၂၉၁၅	၂၉၃၀	၂၉၄၀	၂၈၉၅	၃၀၂၅	၃၀၅၅	၂၉၀၅	၂၉၂၀	၂၉၅၀	၂၉၄၀	၂၉၅၀	၃၃၆၀	၃၉၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၄၀	၂၆၂၅
95 Ron	၂၆၅၇	၂၇၄၄
HSD (500 ppm)	၂၂၇၈	၂၃၅၄
HSD (50 ppm)	၂၆၈၆	၂၇၇၀
HSD (10 ppm)	၂၆၈၆	၂၇၇၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦး အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

သခင်မြ၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်တစ်ဦး လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

ဦးဘဝင်း၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

❖ ***ရှေ့ဖုံးမှ***

တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

မေတ္တာပို့သအမျှပေးဝေ

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို

စာမျက်နှာ ၄ သို့

မန်းဘခိုင်၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

မန်းဘခိုင်၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

ဦးရာဇက်၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

ဦးအုန်းမောင်၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

ရဲဘော်ကိုထွေး၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

စာမျက်နှာ ၃ မှ

ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့က သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး ၂ မိနစ် ငြိမ်သက်စွာ မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

လွမ်းသူ့ပန်းခွေချ အလေးပြု

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မှတ်ပုံတင်ခွင့်ပြုထားသည့် ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးများမှ ဌာနေကိုယ်စားလှယ်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အသင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ခရစ်ယာန်ကလျာဏယုဝအသင်း (YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာ – အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၊ မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပန်းချီ/ပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၊

စာမျက်နှာ ၅ သို့

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦး လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦး လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူတစ်ဦး လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

အာဇာနည်ဗိမာန်တွင် လာရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို တွေ့ရစဉ်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ တန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

အာဇာနည်ဗိမာန်တွင် လာရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို တွေ့ရစဉ်။

ဥဩဆွဲအချက်ပေး

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးခဲ့သည်။

လာရောက်ဂါရဝပြု

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)များသို့ အများပြည်သူများကလည်းလာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်အစချီသော ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

သတင်းစဉ်

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော် ကောင်စီဝင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရထံမှ သံဝေဂကထာ တရားနာယူကြပြီး အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူးကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၁ မိနစ် မတ်တပ်ရပ် ဦးညွှတ်၍ ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျောက်ဆည်မြို့နယ်၌ ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်

ကျောက်ဆည် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားရေး စီမံကိန်းအဖြစ် အခြေခံစက်ချုပ်နည်းပညာသင်တန်း (အခမဲ့)ကို ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ ရန်အောင်မြင်ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက အခြေခံစက်ချုပ်နည်းပညာသည် မိသားစုတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးအတွက် လက်တွေ့အသက်မွေးဝမ်းကျောင်းပညာဖြစ်ကြောင်း၊ အခြေခံ စက်ချုပ်ပညာများကို စိတ်ပါဝင်စားစွာ ကြိုးစားသင်ယူသွားကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းများ ဖွင့်လှစ်ပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊အဖွဲ့ဝင်(၂) နှင့် ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ကျေးရွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့ စီမံကိန်းလုပ်ငန်းများနှင့် သင်တန်းသုံး စက်ကိရိယာပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ အခမဲ့သင်ကြား ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်များမှ စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ

ကို အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။ **(အပေါ်ပုံ)**

ယနေ့ ဇူလိုင် ၁၉ ရက်နေ့တွင် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် ယနေ့တွင် တစ်ရက်တာ အခမဲ့အထူးဖွင့်လှစ် ပြသခဲ့ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း အာဇာနည်ခေါင်းဆောင်များ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံ သမိုင်းကြောင်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန်အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုအား အများပြည်သူနှင့်ကျောင်းသားကျောင်းသူများ အထူးစည်ကားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ **(ဝဲပုံ)**

သတင်းစဉ်၊ ဓာတ်ပုံ - ကနူး

အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ ပြည်သူနှင့် ကျောင်းသား ကျောင်းသူများ စည်ကားစွာ လေ့လာကြည့်ရှု

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၇) နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း) ရှိဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ စည်ကားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်တွင် အာဇာနည်နေ့၌ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထူးပြပွဲအပါအဝင် ပြခန်းများကို ခင်းကျင်းပြသထားပြီး အဆိုပါ အထူးပြပွဲတွင် နည်းပညာပြကွက် (Digital Exhibition)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် မေးခွန်း (၂၅)ခုကို ဖြေဆိုခြင်းဖြင့် ဆုငွေများ လက်ရောက်ချီးမြှင့်ခဲ့ရာ ဖြေဆိုသူများဖြင့် စည်ကားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်တို့မှအပ ကျန်နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက "(၇၇) နှစ်မြောက် အာဇာနည်နေ့မှာ ဒီနှစ်ဆိုရင် ပုံမှန်ခင်းကျင်းပြသမှုနဲ့ နည်းပညာပြကွက် (Digital Exhibition)ဆိုပြီး ကဏ္ဍနှစ်မျိုးနဲ့ ပြသထားပါတယ်။ ပုံမှန်ပြသမှုဆိုရင် ပြတိုက်မှာ ခင်းကျင်းပြသထားတဲ့အတိုင်းဖြစ်ပြီး နည်းပညာပြကွက်ဆိုရင် 3D ပိုရိုဂရပ်ဖစ်မှာ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းတွေ၊ ပြခန်းတွေက ပစ္စည်းတွေနဲ့ ပြတိုက်ပြင်ပရှုခင်းတွေကို တစ်နေရာတည်းမှာ ကြည့်ရှုနိုင်အောင် ပြသထားပါတယ်။ Digital Exhibition ပြကွက်မှာ ဗိုလ်ချုပ်မိန့်ခွန်းနဲ့ သမိုင်းကြောင်းကို စခရင်ပေါ်မှာ ကိုယ်တိုင်နှိပ်ရှာပြီး လေ့လာနိုင်အောင် စခရင်ဘုတ်ပြားတွေ ထောင်ပေးထားပါတယ်။ ဗိုလ်ချုပ်နဲ့ ပြတိုက်သမိုင်းကြောင်းနဲ့ ပတ်သတ်ပြီး ဉာဏ်စမ်းပဟေဠိ မေးခွန်း ဖြေဆိုနိုင်သူတွေကို ဆုငွေချီးမြှင့်တာလည်း ဆောင်ရွက်ပေးထားပါတယ်။ ဗိုလ်ချုပ်အိပ်ရာပြခန်းမှာ ဒီနှစ်ထူးခြားတာက ဗိုလ်ချုပ်ဝတ်ဆင်ခဲ့တဲ့ အဝတ်အစားတွေမှာ A.S စာသားပါတဲ့ အဝတ်အစားနဲ့ ခရီးဆောင်သားရေသေတ္တာကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် အပြင်ကို ထုတ်ပြီးပြသထားပါတယ်။ ဒီနှစ်မှာ အများပြည်သူ ပြီးပြည့်စုံစွာ လေ့လာသိရှိနိုင်အောင် နည်းပညာပိုင်းဆိုင်ရာများနဲ့ ဖြည့်စွက်ဆောက်ရွက် ပေးထားတဲ့အတွက် အများပြည်သူ အားရကျေနပ်မှု ရရှိစေမှာပါ။ မျိုးချစ်စိတ်နဲ့ အာဇာနည်စိတ်ထားတွေ ပေါ်ထွန်းလာအောင် သမိုင်းကြောင်းထဲက အဓိကပုဂ္ဂိုလ်တစ်ဦးကို မှတ်မိစေဖို့ ပြတိုက်ကို ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ဗိုလ်ချုပ်က စာဖတ်အားကောင်းတယ်။ အင်္ဂလိပ်စာအုပ်ဆိုရင် ဘာသာရပ်အလိုက် ၂၃၉ အုပ်ကို ဖတ်ခဲ့တဲ့အတွက် နိုင်ငံတကာနဲ့ယှဉ်ပြီး ပြောဆိုဆက်ဆံနိုင်ခဲ့ပြီးတော့ လွတ်လပ်ရေးအတွက်လည်း တိုက်ပွဲဝင်နိုင်ခဲ့တာပါ။ ဒါတွေကို ကလေးတွေအနေနဲ့ ခေါင်းဆောင်တစ်ဦးရဲ့ အနေအထိုင်၊ အပြုအမူကို မှန်းဆတမ်းတ မြင်ယောင်ပြီး အတုယူတတ်ဖို့လည်း လိုပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ပြတိုက် အပေါ်ထပ်တွင် ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ် အသုံးအဆောင်ပစ္စည်းများထားရှိပြီး ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေခါးဖြင့် တက်ရသည့် တတိယထပ်တာဝါတွင်ရှိသော ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစု ပူဇော်ခဲ့သည့် ဒက္ခိဏသာခါ ဆင်းတုတော်နှင့် ကျောင်းဆောင်ပုံကို ဗိုလ်ချုပ်အိပ်ခန်းခေါင်းရင်းတွင် ဘုတ်ပြားပေါ်၌ ဓာတ်ပုံ/စာသားဖြင့် ပြသထားပြီး ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစားများနှင့် ခရီးဆောင်အိတ်ကို ပြသထားသည်။ ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်ရှိ စာဖတ်ခန်းတို့ကို ပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရိုနှင့် မှန်တင်ခုံတို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏ သားသမီးများ အိပ်ခန်းအနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင်ဗိုလ်ချုပ်မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်းအနောက်ဖက်တံခါးရှိ ပြတိုက်စကြံလမ်းမှ ပြတိုက်အောက်သို့ ပတ်၍ ပြန်ဆင်းပါက ရေကန်အနီး၌ စိုက်ခင်းပြကွက်တွင် သီးပင်စားပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ်ရုပ်ထုပုံကိုပြသထားသည်။ရေကန်အနီး ပြတိုက်ဝင်းအထွက် လမ်း၌ 3D ပိုရိုဂရပ်ဖစ်နှင့် နည်းပညာပြကွက်(Digital Exhibition) တို့ကို ပြသထားပြီး အများပြည်သူ အထူးစိတ်ဝင်တစား လေ့လာခဲ့ကြကာ ဉာဏ်စမ်းပဟေဠိများကိုလည်း စိတ်ပါဝင် စားစွာ ဖြေဆိုကြသည်။

ယနေ့ (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)အား ယခင်နှစ်တို့ထက် နည်းပညာအစီအစဉ်တို့ကို တိုးမြှင့်ပြသခဲ့ရာ ပြတိုက်အင်္ဂါနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထား၍ မိုးဖွဲဖွဲနှင့်အတူ ကြည့်ရှုလေ့လာသူတို့ဖြင့် အထူးစည်ကားခဲ့သည်။

သတင်းစဉ်၊ ဓာတ်ပုံ - ကနူး

ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရိုးတွင်းခြင်ဆီအစားထိုးကုသမှုဌာနသို့ ပထမဆုံး ရိုးတွင်းခြင်ဆီအစားထိုးကုသမှု အောင်မြင်စွာ ခံယူပြီးခဲ့သော လူနာနှစ်ဦးအား တွေ့ဆုံအားပေးစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ရိုးတွင်းခြင်ဆီအစားထိုးကုသမှုဌာနတွင် ပထမဆုံး ရိုးတွင်းခြင်ဆီအစားထိုးကုသမှု အောင်မြင်စွာခံယူပြီးခဲ့သော လူနာနှစ်ဦးအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး**(ယာပုံ)** ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များမှာကြား၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

မဒေးကျွန်းရွာ ကျောက်ဖြူမြို့ ရခိုင်ပြည်နယ်မှ လူနာ ဒေါ်စန်းအေး၊ အသက်(၅၈)နှစ်သည် Hb E disease (heterozygous) Multiple Myeloma ခြင်ဆီကင်ဆာရောဂါဖြင့် ရိုးတွင်းခြင်ဆီအစားထိုးကုသရမည်ဖြစ်သောကြောင့် (Autologous peripheral blood stem cell အစားထိုးကုသမှု) ကို ဇွန် ၁၉ ရက်တွင် ဆောင်ရွက်ရာ လူနာ၏ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်ပြီး လူနာ၏ ရိုးတွင်းခြင်ဆီတွင် အစားထိုးကုသထားသည့် ပင်မဆဲလ်များသည် သွေးဆဲလ်အသစ်များ စတင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကျန်းမာသော သွေးဆဲလ်များ လုံလောက်စွာထုတ်ပေးနိုင်သော ခြင်ဆီအသစ်ဖြစ်ပေါ်ခြင်း အဆင့်အောင်မြင်မှု ရရှိခြင်း(Engraftment)ကို ရရှိနေပြီဖြစ်ကြောင်းနှင့် လူနာမှာ ဇူလိုင် ၁၉ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီဖြစ်သည်။

အလားတူ ထီးဆောင်းရွာ မြင်းမူမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ လူနာ ဦးမြင့်အောင်၊ အသက်(၅၈)နှစ်သည် EB^{0} Thalassaemia & Hypertension IgA k light chain monoclonal gammopathy (Multiple Myeloma) ရောဂါဖြင့် ဇွန် ၂၆ ရက်တွင် ခြင်ဆီကင်ဆာရောဂါဖြင့် ရိုးတွင်းခြင်ဆီအစားထိုးကုသမှုကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ခြင်ဆီအသစ်ဖြစ်ပေါ်ခြင်းအဆင့် အောင်မြင်မှုရရှိပြီးဖြစ်ကာ ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ခြင်ဆီကင်ဆာရောဂါဝေဒနာခံစားနေရသော လူနာများကို ပထမဆုံး ရိုးတွင်းခြင်ဆီအစားထိုးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမှာ ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်လိုအပ်ချက်များ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းခဲ့ပေးမှုများကြောင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဆေးပညာလောကအတွက် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်ကုသရန် မလိုအပ်ဘဲ ပြည်တွင်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လူနာများ၏ ကုန်ကျမှုများစွာ သက်သာနိုင်တော့မည်ဖြစ်ကြောင်းနှင့် လူနာများ၏ Quality of Life ကို ပြန်လည်ရရှိနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဧရာဝတီ - ဟင်္သာတ တာနှင့် ဝန်တာများ၏ ကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဟင်္သာတမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရေဘေးကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရေဘေးကာကွယ်ဧရိယာ ပြင်ပအနိမ့်ပိုင်းဒေသများတွင် စိုက်ပျိုးထားရှိသော သီးနှံစိုက်ခင်းများ ရေနစ်မြုပ်၍ သီးနှံထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်တမ်းတို အရန်မျိုးစပါးများ အသင့်စုဆောင်းခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ရေကြီးနစ်မြုပ်ပြီးနောက် ကျရောက်တတ်သည့် သီးနှံပိုးမွှား ရောဂါများအား ကာကွယ်နှိမ်နင်းရမည့် လုပ်ငန်းစဉ်များ၊ မွေးမြူရေး တိရစ္ဆာန်များ အသက်ဘေးအန္တရာယ် ကာကွယ်နိုင်ရေး၊ တိရစ္ဆာန်အသက်ကယ်ကုန်းများ ပြင်ဆင်ထားရှိခြင်း၊ ရေလွတ်ရာနေရာများသို့ အချိန်မီ ပြောင်းရွှေ့ခြင်း လုပ်ငန်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေး ကုသဆေးများ၊ တိရစ္ဆာန်ဖြည့်စွက်စာများ ကြိုတင်စုဆောင်းထားရှိခြင်းတို့ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူများအား မြို့နယ်နှင့်ခရိုင်အလိုက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ပညာပေးလုပ်ငန်းနှင့် အကူအညီများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ၊ ညောင်တုန်း၊ ပန်းတနော်အစရှိသည့် မြို့နယ်များရှိ စုစုပေါင်း ဧရိယာ ၃၃၉၃၈၁ ဧကကို ရေဘေးကာကွယ်မှု အကျိုးပြုလျက်ရှိသည့် အလျား ၈၃ ဒသမ ၈၇ မိုင်ရှိ ဧရာဝတီ – ဟင်္သာတ တာ၏ ရေကင်းစခန်းများဖြစ်သည့် ဟင်္သာတမြို့နယ်၊ အိပ်ပျက် ရေကင်းစခန်း တာမိုင် ၃မိုင် ၅ ဖာလုံ၊ ဦးပါရဲ ရေကင်းစခန်း တာမိုင် ၈ မိုင် ၄ ဖာလုံ၊ ရေကြည်၊ သာပေါင်း၊ ဟင်္သာတနှင့် လေးမျက်နှာ မြို့နယ်များမှ ဧရိယာ ၃၀၀၃၈၄ ဧကကို ဧရာဝတီမြစ်ခွဲ တစ်ခုဖြစ်သော ငဝန်မြစ်၏ ရေကြီးနစ်မြုပ်မှု ကာကွယ်ထားသည့် အလျား ၇၃ ဒသမ ၈၆၅ မိုင်ရှိ ငဝန်တာ၊ လိပ်ချောင်း ရေကင်းစခန်း တာမိုင် ၃ မိုင် ၂ ဖာလုံ၊ ဂမ္ဘီ ၉ မိုင်၊ မြို့ကွင်း တာမိုင် ၁၂ မိုင် ၁ ဖာလုံ တို့သို့ ရောက်ရှိကြပြီး ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် ရေကင်းစခန်းများ ဖွင့်လှစ်ထားရှိမှု၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှု၊ တာတမံလုပ်သားများ ခန့်အပ်ထားရှိမှုနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားကြီးများ အသင့်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တာတမံနိမ့်ကျမှုကြောင့် ရေကျော်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်း၊ ရေပေါက် (ထူးပေါက်) ပေါက်ခြင်း စသည့် တာတမံ ထိခိုက်စေနိုင်သည့် အချက်များတွေ့ရှိပါက ကာကွယ်ရန်နည်းလမ်းများ၊ သတိပြုရမည့် အချက်များ၊ အချိန်မီကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စုဆောင်းထားရှိသည့် အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံး သယ်ယူပို့ဆောင်နိုင်ရေးနှင့်ထပ်မံလိုအပ်ပါက ရေလမ်းကုန်းလမ်းမှ ဖြည့်စွက်ထားရှိနိုင်ရေး ကြိုတင်စီစဉ်ထားရန် လိုအပ်ချက်များ၊ တာတမံ ဝန်ထမ်းများ၊ တာလုပ်သားများ၊ ရပ်ကွက်ကျေးရွာများမှ တာဝန်ကျတာလုပ်သားများ၏ ကျန်းမာရေး အထူးဂရုပြုရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သောထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟင်္သာတမြို့နယ် မြို့ကွင်းလျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တောင်သူများ မျိုးကောင်း၊ မျိုးသန့် ရရှိအသုံးပြုနိုင်စေရန်နှင့် စိုက်ချိန်မှန်ကန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ လိုအပ်ချိန်တွင် ရေသောက်ဧရိယာအတွင်း အချိန်မီရေပေးဝေနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရပ်စောက်မြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရန် သရုပ်ပြလေ့ကျင့်

ရပ်စောက် ဇူလိုင် ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ဗထူးတပ်နယ်နှင့် ရပ်စောက်မြို့နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီမှ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ရှာဖွေကယ်ဆယ်ရေးအသင့်စုဖွဲ့ထားရှိမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်မှု အခမ်းအနားကို ယမန်နေ့က ဗထူးတပ်နယ် အားကစားကွင်း ၌ ကျင်းပသည်။

ဦးစွာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦး၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ယာဉ် သုံးစီး၊ လူနာတင်ယာဉ် လေးစီး၊ ရှင်းလင်းရေးယာဉ်ငါးစီး၊ သယ်ယူပို့ဆောင်ရေးယာဉ် ၁၀ စီး စုစုပေါင်းယာဉ် ၂၂ စီးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးမင်းနှင့် တပ်ဖွဲ့ဝင်များက သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၉

မြန်မာပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

အာဇာနည်မိသားစုဝင်များ၏ အာဇာနည်နေ့အမှတ်တရ စကားသံများ

သခင်မြ၏သား ဦးရဲမြင့်အောင်

ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်ဇင်ချို

မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်

မန်းဘခိုင်၏မြေး နန့်ဇင်မိုးခိုင်

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား စဝ်ကိုင်ဖ

ဦးရာဇတ်၏သား ဦးလှကြည်

ဦးအုန်းမောင်၏သား ဒေါက်တာမင်းမြင့်

ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို(ငြိမ်း)

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ခင်း။ ဇူလိုင်မိုးစက် မိုးပွင့်များက တဖွဲဖွဲကျဆင်းနေသည်။ မိုးတဖွဲဖွဲကြားမှာပင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ တဖွဲဖွဲလာရောက်ခဲ့ကြသည်။

မိသားစုဝင်များထဲတွင် အချို့က အာဇာနည် ခေါင်းဆောင်ကြီးများ၏ ရင်နှစ်သည်းခြာ သားသမီးများ၊ အချို့က အာဇာနည် ခေါင်းဆောင်ကြီးများ၏ မျိုးဆက်သစ် တူ၊ တူမ၊ မြေးမြစ်များ စသည်ဖြင့် မျိုးဆက်အလီလီ ပါဝင်ကြလေသည်။ အသက်အရွယ်အရ ကွာခြားသော်ငြား တူညီသောဆန္ဒက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးဆက်ဖြစ်ရသည်ကို သူတို့ဂုဏ်ယူကြသည်။ အာဇာနည် ခေါင်းဆောင်ကြီးများသို့နှယ် နိုင်ငံနှင့်လူမျိုးကို ချစ်ခင်ကြသည်။ မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ကြီးပွားဖွံ့ဖြိုး တိုးတက်စေချင်ကြသည်။ သည်နေ့ သည်အချိန် သည်အခါသမယတွင် သွေးသားတော်စပ်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများကို အထူးတလည် လွမ်းဆွတ်တမ်းတ အမှတ်ရကြသည်။ အမှတ်တရစကားများကိုလည်း ပြောကြားခဲ့ကြသည်။

သခင်မြ၏သား
ဦးရဲမြင့်အောင်

အမှတ်တရကတော့ အာဇာနည်နေ့ရောက်တိုင်း ကျွန်တော်တို့ကတော့ နှစ်တိုင်းဂါရဝပြုဖို့ လာရတာပေါ့။ အာဇာနည်နေ့ရောက်တိုင်း မိသားစုဝင်တစ်ယောက်အနေနဲ့ သတိတရ လွမ်းဆွတ်မှုတွေတော့ ရှိတာပေါ့။ လူငယ်တွေအတွက်ကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဘယ်လိုစည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေးရအောင် အင်္ဂလိပ်ကပဲ ဖိနှိပ်ဖိနှိပ်၊ ဂျပန်ကပဲ ဖိနှိပ်ဖိနှိပ် ဘာအနှောင့်အယှက်တွေ ပေါ်ပေါ် တစ်ခုတည်းသော ရည်မှန်းချက်က လွတ်လပ်ရေးရဖို့ပဲ။ လူငယ်တွေအနေနဲ့လည်း ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို မျက်ခြည်မပြတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒီအချိန်မှာ လူငယ်ထုကိုလည်း စိတ်ဝမ်းမကွဲစေချင်ဘူး။ အာဇာနည်ခေါင်းဆောင်ကြီးတွေထဲမှာလည်း လူမျိုးပေါင်းစုံပါတယ်။ ခရစ်ယာန်လည်းပါတယ်၊ တိုင်းရင်းသားတွေ အများကြီးပါတယ်။ မွတ်စလင်တွေလည်း ပါတယ်။ လွတ်လပ်ရေးရအောင် တိုင်းပြည်ကို ချစ်တဲ့သူတိုင်း လုပ်ကြရမှာပဲ။ ဒီနေရာမှာ စိတ်ဝမ်းမကွဲဘဲ စည်းစည်းလုံးလုံးနဲ့ စည်းရုံးတဲ့စိတ်ဓာတ်နဲ့ ဘယ်လိုလုပ်သွားတယ်ဆိုတာကိုလည်း သတိတရနဲ့ နမူနာယူစေချင်ပါတယ်။

ဒီးဒုတ်ဦးဘချို၏မြေး
ဦးသန့်ဇင်ချို

မြန်မာ့ လွတ်လပ်ရေးအတွက်ရော တိုင်းပြည်အတွက်ပါ ဒီလိုမျိုး ရှေ့က ဦးဆောင်ဦးရွက်လုပ်ရင်းနဲ့ အသက်ပေးသွားတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ မိသားစုအနေနဲ့ နှစ်စဉ်ဂုဏ်ယူစွာနဲ့ပဲ မပျက်မကွက် အမြဲတမ်းလာရောက်ပြီး အခမ်းအနားကို တက်ခြင်းဖြစ်ပါတယ်။ အခုခေတ်ကတော့ ကျွန်တော်တို့အရင်ရှေးခေတ်တွေနဲ့တော့ တော်တော်ကွာသွားပါပြီ။ အိုင်တီခေတ်ဆိုတော့ အစစအရာရာ တီထွင်ကြံဆပြီး တိုးတက်အောင်လုပ်ကြတဲ့အတွက် နယ်ပယ်ပေါင်းစုံက အဘက်ဘက်က ဖွံ့ဖြိုးပြီးတော့ AI ဖြစ်လာတဲ့ အချိန်မှာ ကျွန်တော်တို့ တိုင်းပြည်က လူငယ်တွေ နောက်ကျမကျန်ဘဲနဲ့ ခေတ်နဲ့ရင်ပေါင်တန်းနိုင်ဖို့ ကြိုးစားနေကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံက အခု လွတ်လပ်ရေးရပြီးကတည်းက ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်ပြီး မငြိမ်းချမ်းတဲ့အတွက်ကြောင့်မို့ တိုးတက်မှုတွေက နောက်ကျပြီး ကျန်ခဲ့တာပေါ့။ မျိုးဆက်သစ်လူငယ်တွေအနေနဲ့လည်း ဒီဟာကို သင်ခန်းစာယူကြပြီး တိုင်းပြည်တိုးတက်အောင် မျိုးချစ်စိတ်ကို အခြေခံပြီး လုပ်ဆောင်ကြရင်တော့ တိုင်းပြည်က မလွဲမသွေ တိုးတက်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

မန်းဘခိုင်၏သမီး
ဒေါ်မြင့်မြင့်ခိုင်

ကျွန်မဖခင် မန်းဘခိုင်ကတော့ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ အသက်ပေးလှူသွားခဲ့ပါပြီ။ ကျွန်မတို့ သားသမီးတွေအနေနဲ့ လွတ်လပ်သွားတဲ့ ကိုယ့်ရဲ့တိုင်းပြည်နိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးဖို့ စွမ်းဆောင်နိုင်သမျှ နိုင်ငံ့ဝန်ထမ်းအဖြစ်နဲ့ ၄၂ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးပါပြီ။ ကျွန်မဖခင်မျှော်မှန်းတဲ့ ကျွန်မတို့ကိုယ်တိုင်မျှော်မှန်းတဲ့ မြန်မာနိုင်ငံတော်ကြီးဖြစ်အောင် ရှေ့ဆက်ပြီး နိုင်ငံသူနိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးပမ်းကြပါလို့ ပြောချင်ပါတယ်။ ကျွန်မတို့က ယနေ့အထိ နိုင်ငံတော်ကအသိအမှတ်ပြုထားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒါပေမယ့် ကျွန်မတို့ ဖြစ်ချင်တာက နိုင်ငံတော်ကြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်နေတာကို တွေ့ချင်ပါတယ်။

မန်းဘခိုင်၏မြေး
နန့်ဇင်မိုးခိုင်

အမှတ်တရစကားအနေနဲ့ မြန်မာနိုင်ငံကို လွတ်လပ်ရေးရအောင် လုပ်ပေးခဲ့တဲ့ အဘ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည် ကိုးဦးကို ကျွန်မအဘိုး အပါအဝင် အားလုံးကို ကျေးဇူးတင်တယ်။ ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။ လူငယ်တွေအတွက် အဘ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံ့အတွက် လွတ်လပ်ရေးရအောင်လုပ်သွားသလိုပဲ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေလည်း မြန်မာနိုင်ငံကြီး တိုးတက်အောင်မြင်အောင် လုပ်ဆောင်သွားကြပါ။ နိုင်ငံကြီး လွတ်လပ်ရေးရအောင် လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်မှုဆိုတာ မလွယ်ဘူးလေ။ အဲဒီလိုလုပ်ဆောင်ခဲ့တဲ့ အဘ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ အာဇာနည် ကိုးဦးထဲမှာ ကျွန်မရဲ့အဘိုးကိုယ်စား ဂုဏ်ယူမိတယ်၊ လေးစားမိတယ်။ အဘိုးရဲ့မြေးဖြစ်ရတာ ဝမ်းသာမိတယ်။

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား
စဝ်ကိုင်ဖ

နှစ်စဉ် ခမ်းခမ်းနားနား မမေ့မလျော့နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သတိရစွာနဲ့ ဂုဏ်ပြုပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကလည်း နေမကောင်းတဲ့ကြားက ကြိုးစားပြီးတက်ရောက်ခဲ့ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်မြဲပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဦးရာဇတ်၏သား
ဦးလှကြည်

အာဇာနည်နေ့ အကြောင်းကို ကျောင်းဆရာ ဆရာမတွေ သိရမယ်။ နားလည်ရမယ်။ ပြီးရင် ကျောင်းသားလူငယ်တွေကို တစ်ဆင့်ပြန်ပြောရမယ်။ ဆရာ ဆရာမတွေ နားလည်ဖို့ လိုသေးတယ်။ သူတို့နားလည်မှ ကျောင်းသားတွေကို ပြန်ပြောလို့ရမယ်။ လူငယ်တွေအတွက်က အာဇာနည်ခေါင်းဆောင်ကြီးတွေကို အတုယူသင့်တယ်။ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်းနဲ့ လုပ်ကြံခံရတဲ့သူတွေ အကြောင်းကို ကျောင်းသားလူငယ်တွေသိဖို့ လိုတယ်။

ဦးအုန်းမောင်၏သား
ဒေါက်တာမင်းမြင့်
(ပါမောက္ခ/ဌာနမှူး-ငြိမ်း)

ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို နောင်လာနောက်သားကလေးတွေက လူလတ်ပိုင်းရော၊ လူငယ်ပိုင်းရော ဘာအတုယူသင့်တယ်ဆိုတာ အတိုချုံ့ပြောလိုက်ပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံက အာဇာနည် ခေါင်းဆောင်ကြီးဖြစ်ပြီး နိုင်ငံခြားက အာဇာနည်ခေါင်းဆောင်ကြီးတွေနဲ့ လုံးဝမတူပါဘူး။ ဘာလို့မတူလဲဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ထူးခြားချက်က လက်ရုံးရည်၊ နှလုံးရည်ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ အသက်ငယ်ငယ်နဲ့ ရဲဘော်သုံးကျိပ်ကို ဦးဆောင်ပြီး ဂျပန်ပြည်မှာသွားပြီး စစ်သင်တန်းတက်တယ်။ ပြီးတော့ အင်္ဂလိပ်ကို တော်လှန်ခဲ့တယ်။ ပြီးတော့ ဂျပန်ကို တော်လှန်ခဲ့တယ်။ ဂျပန်ထွက်သွားပြီး အင်္ဂလိပ် ဝင်လာတယ်။ အင်္ဂလိပ်ကလည်း လွတ်လပ်ရေးပေးတော့မလိုနဲ့ မပေးဘဲနဲ့ အချိန်ဆွဲနေတယ်။ ပင်လုံညီလာခံတို့ ဘာတို့ အကုန်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အဲဒီမှာ နှလုံးရည် ဘယ်လောက်တော်တယ်၊ ပြည့်ဝတယ်ဆိုတာ တကယ့်အာဇာနည်တွေ။ နိုင်ငံတကာမှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သူဦးဆောင်ပြီး ဝန်ကြီးချုပ် အက်တလီကို သူကိုယ်တိုင်တွေ့ပြီး ဆွေးနွေးတယ်။ ဆွေးနွေးပြီး အောင်မြင်သွားတယ်။ အောင်မြင်တော့ အောင်ဆန်းအက်တလီစာချုပ် ချုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် ပြန်လာတဲ့အခါမှာ မမျှော်လင့်ဘဲနဲ့ ၁၉ ဇူလိုင်မှာ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ ဆရာ့အဖေ အပါအဝင်၊ လုပ်ကြံခံရပြီး ကျဆုံးသွားတယ်။ အဲဒီနောက်ပိုင်းမှာ ဝန်ကြီးချုပ်ဦးနုက ဆက်လက်ပြီး အောင်ဆန်းအက်တလီစာချုပ်ကို နုအက်တလီစာချုပ် လုပ်ပြီးတော့ဗမာပြည်က လွတ်လပ်ရေးရခဲ့တယ်။ နှလုံးရည် ဘယ်လောက်တော်လဲဆိုတာ အဲဒါပဲ။ အခုလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးစားနေတာပဲ။ ခုလက်ရှိ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လုပ်နေတာပဲလေ။ ခုလုပ်နေတဲ့ ပုံစံကကြည့်လိုက်ရင် လမ်းကြောင်းက တည့်ပါတယ်။ ဖြစ်လာမယ် မဖြစ်လာဘူးဆိုတာ ပါဝင်နေတဲ့သူတွေရဲ့ သဘောအပေါ်မူတည်ပါတယ်။ အောင်မြင်ပါစေလို့ ပြည်သူတစ်ယောက်အနေနဲ့ ဆုတောင်းဆန္ဒပြုတာပေါ့။ အဲဒီအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကြိုးစားပေးကြပါ။

ရဲဘော်ကိုထွေး၏တူ
ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို(ငြိမ်း)

အာဇာနည်နေ့ရောက်ရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို တမ်းတသတိရမိပါတယ်။ ဒီနှစ်တမ်းတသတိရတဲ့အခါမှာတော့ အဘတို့အနေနဲ့ အားလည်းနာမိတယ်၊ ရှက်လည်းရှက်မိတယ်။ ဗိုလ်ချုပ်တို့က သူတို့ အသက်မသေခင် မကွယ်လွန်ခင်ပေါ့နော်။ တာဝန်ကြီးသုံးရပ် ရှိတယ်၊ သူလုပ်ခဲ့တာတွေကတော့ အများကြီးပေါ့။ အဲဒါတွေကို ခွဲခြမ်းပြီး ပြန်ပြီးချုံ့လိုက်လို့ရှိရင် ပထမတာဝန်ကတော့ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရရှိရေးဆိုတဲ့တာဝန်၊ ဒါကတော့ သူတို့ကြိုးစားခဲ့ပြီး ဒါကြိုးစားလို့လည်း တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် လုပ်မယ်ဆိုပြီး ရသွားတယ်။ ဒုတိယတာဝန်ကြီးက

စာမျက်နှာ ၁၀ သို့

(၇၇) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်း

တောင်ကြီး ဇူလိုင် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက သာသနာလင်္ကာရကမ္ဘောဇသာသနဝံ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်ပြီး တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာန နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်းနှင့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးအမှူးပြုသော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပင့်သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ တောင်ကြီးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဆရာတော်ဘဒ္ဒန္တ ဓမ္မာနန္ဒာ ဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချကာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှဝေပေးခဲ့ကြကြောင်းနှင့် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပေးခဲ့ကြသည်။ ပင့်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

(၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်အဆင့်/ခရိုင်အဆင့် / မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း ငယ်ဘဝဖြစ်စဉ်များမှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသ

နတ်မောက် ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အထူးပြခန်းအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ယနေ့တွင် ခင်းကျင်းပြသရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားခဲ့သည်။

ခင်းကျင်းပြသပေးထား

"ဒီကနေ့မှာ ကျရောက်တဲ့ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုသောအားဖြင့် ယခင်နှစ်တွေနဲ့ မတူဘဲ အထူးပြခန်းအနေနဲ့ ဗိုလ်ချုပ်ရဲ့ ငယ်ဘဝကနေ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံတွေကို ခင်းကျင်းပြသထားပြီး ကျောင်းသားလူငယ်တွေ အသိပညာဗဟုသုတကြွယ်ဝစေဖို့အတွက် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးရဲ့ ဘဝဖြစ်စဉ် အကျဉ်းတွေကိုပါ ခင်းကျင်းပြသ ပေးထားပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲမှ ဦးစီးအရာရှိ ဦးရဲလွင်က ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ခင်းကျင်းပြသထားသည်များကို လာရောက်ကြည့်ရှုလေ့လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို အာဇာနည်နေ့နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် ဗဟုသုတမေးခွန်းများ မေးမြန်းစဉ်။

မှတ်တမ်းဓာတ်ပုံများပြသ

ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်၏ မိခင်အသုံးပြုခဲ့သည့် ဆီသိုလှောင်သည့် ဂိုဒေါင်ဟောင်းနှင့် နေအိမ်အောက်ထပ်တွင် စပါးကျီချိုင့်၊ ဗိုလ်ချုပ်အစ်မ ရက်ခဲ့သည့် မူရင်းရက်ကန်းစင်၊ ဗိုလ်ချုပ်ငယ်စဉ်ဘဝက ကိုင်ဆောင်ခဲ့သည့် စာအုပ်မျက်နှာဖုံးများ၊ ဗိုလ်ချုပ်၏ မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများမှသည် ကျဆုံးခဲ့သည့်အချိန်အထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားပြီး နေအိမ်အပေါ်ထပ်တွင် ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ထုလုပ်ထားသည့် ဆီလီကွန်ရုပ်တု၊ ဗိုလ်ချုပ် မိဘအိမ်ပြန်လာစဉ် အိပ်ခန်း၊ အိပ်ခန်းအတွင်းမှ မူရင်းကြိုးခုတင်၊ ဗိုလ်ချုပ်၏ မိခင်အိပ်ခန်း၊ ဗိုလ်ချုပ် မိသားစုအိပ်ခန်း၊ အမျိုးသမီးပြင်ဆင်ခန်း၊ မီးဖိုခန်း၊ နေအိမ်ခြံဝင်းအတွင်း၌ ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကျောက်စာတိုင်နှင့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

လေ့လာကြည့်ရှု

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ပုံမှန်အားဖြင့် တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ယနေ့တွင် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လေ့လာကြည့်ရှုနိုင်အောင် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရပြီး ယနေ့တွင် ပြခန်းများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများကို အာဇာနည်နေ့နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် ဗဟုသုတမေးခွန်းများကို မေးမြန်း၍ ဖြေဆိုနိုင်သူများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲမှ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ခင်းကျင်းပြသထားသည်များကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

သိမ့်သိမ့်မိုး

ဓာတ်ပုံ- လှဝင်း(နတ်မောက်)

စာမျက်နှာ ၉ မှ

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတဲ့ တာဝန်ကြီး ဒီတာဝန်အရ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပင်လုံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မျိုးစေ့ချပေးခဲ့တဲ့အတွက်လည်း တိုင်းပြည်က တောင်တန်း မြေပြန့် မခွဲခြားဘဲနဲ့ အားလုံးတစ်စုတစ်ပေါင်းတည်း လွတ်လပ်ရေးရသွားခဲ့တယ်။ နောက် တတိယတာဝန်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ တာဝန်ပေါ့။ အဲဒီတာဝန်ကို ထမ်းဆောင်ဖို့ကတော့ လွတ်လပ်ရေးမရသေးတဲ့အတွက်ကြောင့် မူဝါဒတွေပဲ ချမှတ်ပြီး ထမ်းဆောင်ခဲ့ရတာပေါ့။ ပြောရမယ်ဆိုရင် ဒီတာဝန်သုံးရပ်မှာ အခြေခံအကျဆုံးက ဘာလဲဆိုတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိရေး ဒီတာဝန် အဲဒါသူတို့ လုပ်နိုင်ခဲ့တဲ့အတွက် တောင်တန်းမြေပြန့် တစ်စည်းတစ်လုံးတည်းနဲ့ လွတ်လပ်ရေးရခဲ့တယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း နယ်ချဲ့က ချခဲ့တဲ့မျိုးစေ့၊ ဒီမျိုးစေ့ကြောင့် တိုင်းရင်းသားပြည်သူ လူထုအချင်းချင်း သွေးခွဲမှုတွေက ဆိုးလာလိုက်၊ ပြန်ကောင်းလာလိုက်၊ ဆိုးလိုက်ပေါ့ အဲဒီလိုရှိခဲ့တယ်။ ဒီဟာတွေကြောင့်ပဲ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာထိပါးတဲ့အရိပ်အယောင်တွေ မြင်လာတယ်။ အဲဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ ပြောချင်တာကတော့ သက်ကြီးရွယ်အိုတွေ၊ လူလတ်တွေရော၊ လူငယ်တွေရော၊ အားလုံးက ကိုယ်နိုင်ရာနိုင်ရာ တာဝန်တွေထမ်းဆောင်ပြီး ကိုယ့်တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သွားကြပါလို့ ပြောချင်ပါတယ်။

တွေ့ဆုံမေးမြန်း - ချိုကြီး

ဓာတ်ပုံ - ရဲထွဋ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်စလိုင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)၌ ဇူလိုင် ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောစဉ်။ **မျိုးညွန့်ရွှေ (မိုးနဲ)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၉-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၈-၇-၂၀၂၄) ရက်နေ့၊ ညနေ(၆:၀၀) နာရီမှ (၁၉-၇-၂၀၂၄)ရက်နေ့၊ ညနေ(၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၅၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၇)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၉-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၈၄)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၁၉

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ရွှေကျောင်း ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကနှင့် ပြည်နယ်သံဃနာယက အဖွဲ့အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တသီဟနန္ဒတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြည်နယ်အတွင်းရှိ သံဃာတော်များ ဝါတွင်းကာလ အဆင်ပြေစွာသီတင်းသုံးနိုင်ရေး၊ ပရိယတ္တိစာသင်တိုက်များဖွင့်လှစ်နိုင်ရေးနှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်မှုကြောင့် ပျက်စီးသွားသည့် သာသနိကအဆောက်အဦများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မင်းကျောင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် သံဃာဆောင်များနှင့် တိုးချဲ့ဆွမ်းစားဆောင်တို့အား ပြန်လည်ပြုပြင် ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လွိုင်ကော်မြို့နယ်အတွင်း ဆက်သွယ်ရေး တာဝါတိုင်များ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ဆက်သွယ်ရေးတာဝါတိုင် ၁၀ တိုင်အား အသုံးပြုနိုင်ပြီဖြစ်ပြီး ကျန်ရှိသော တာဝါတိုင်များအား ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မင်းစုရပ်ကွက်အတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ရပ်ကွက်အတွင်းနှင့် မင်းကျောင်းကန်ပတ်လမ်း တစ်လျှောက် သန့်ရှင်းသာယာလှပမှု ရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှု ရှိစေရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့မှ တောင်ကြီးမြို့သို့ ပြေးဆွဲမည့် မော်တော်ယာဉ်လိုင်းများ၏ ယာဉ်စုရပ်နေရာသို့သွားရောက်၍ ခရီးသွားပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ပြည်သူများ စိတ်အေးချမ်းစွာ ခရီးသွားလာနိုင်ရေး၊ ယာဉ်စီးခများ သတ်မှတ်နှုန်းထား ကျော်လွန်ကောက်ခံမှုမရှိစေရေး မှာကြားသည်။ ယခုအခါ လွိုင်ကော် - ဆီဆိုင် - တောင်ကြီးသို့ မော်တော်ယာဉ်လိုင်း ခုနစ်လိုင်း ပြေးဆွဲနိုင်ပြီဖြစ်ပြီး ကျန်ရှိသည့်မော်တော်ယာဉ်လိုင်းများအား ထပ်တိုးပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာအဆောက်အဦများကို သွားရောက်၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ အမြန်ဆုံးပြန်လည်နေရာချထားနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဓနုဖြူမြို့ မြစ်ကမ်းပါးအခြေအနေ ကြည့်ရှုစစ်ဆေး

ဓနုဖြူ ဇူလိုင် ၁၉

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ဓနုဖြူမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဧရာဝတီသဘော်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး မြစ်ရေကြီးမှုအခြေအနေနှင့် တာတမံများ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အမှတ်(၄)ရပ်ကွက်ရှိ ဧရာဝတီသဘော်ဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေကြီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရဲထွန်းက ဧရာဝတီမြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တာတမံများ ကြံ့ခိုင်မှုနှင့် ရေကောင်းစခန်းများ စနစ်တကျစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုမြေပုံဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထက (မြို့မ)ကျောင်း စိန်ပန်းခန်းမတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပစဉ်။

စည်သူလင်း (ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇူလိုင် ၁၉ ရက်က (၇၇)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော အာဇာနည်နေ့အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူခြင်း၊ ဥဩဆွဲခြင်း၊ သွားလာမှုများ ရပ်တန့်ခြင်းနှင့် ငြိမ်သက်ခြင်းများ ဆောင်ရွက်ကြစဉ်။

ရွှေသား(ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြော

သဲကုန်း ဇူလိုင် ၁၉

သဲကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး ပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်းခွဲ အင်ပင်လှတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူများအား သဲကုန်းမြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးသိန်းလွင်က မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် သစ်တောများမှ ပေးစွမ်းနိုင်သောအကျိုးကျေးဇူးများအကြောင်း ဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်၍ ယာယီပိတ်ထားရသည့်ကျောင်းပေါင်း ၃၀ အထိရှိလာ

ပွင့်ဖြူ ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အတွင်း ယာယီပိတ်ထားရသည့် အခြေခံပညာစာသင်ကျောင်းပေါင်း ၃၀ ရှိပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဇူလိုင် ၁၀ ရက်ကစပြီး ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ကမ်းဘေးတစ်လျှောက် ကျေးရွာတွေက အခြေခံပညာကျောင်းအချို့မှာ ရေဝင်ရောက်မှုတွေရှိလာတာကြောင့် ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ရေဘေးအန္တရာယ်ကင်းဝေးစေဖို့ ယာယီပိတ်ထားခဲ့ရပါတယ်။ ယာယီပိတ်ထားရတဲ့ ကျောင်းစာရင်း အနေနဲ့ အမက(ခွဲ) တစ်ကျောင်း၊ အမက ၂၄ ကျောင်း၊ အထက(ခွဲ) ကျောင်း လေးကျောင်းနဲ့ အထက တစ်ကျောင်း စုစုပေါင်း ၃၀ ဖြစ်ပါတယ်။ ရေပြန်လည်ကျဆင်းသည်အထိ ပိတ်ထားမှာဖြစ်ပြီး ကျောင်းပြန်လည်ဖွင့်လှစ်ချိန်မှာ ကျောင်းသား ကျောင်းသူတွေ ကျောင်းသင်ခန်းစာနောက်မကျစေဖို့ စာသင်ရက်တွေ အစားထိုး ဖွင့်လှစ်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဌေးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဧရာဝတီမြစ်ရေမြင့်တက်မှုမှာ ယခင်နှစ်များထက်ပိုကာ မြို့၏စိုးရိမ်ရေအမှတ် ၁၇၀၀ စင်တီမီတာထက် ကျော်လွန်ရောက်ရှိခဲ့၍ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ -၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှ ကျင်းပသွားမည်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရပါသည်-

https://www.ncsc.gov.mm/CAVC2024_RegistrationForm.pdf

https://www.ncsc.gov.mm/CAVC2024_Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၂) ဆုတို့ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ASEAN – JAPAN Cybersecurity Awareness Video Competition – 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသား ဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝဘ်ဆိုက် www.ncsc.gov.mm သို့ လည်းကောင်း၊ ဖုန်းနံပါတ် – ၀၆၇-၃၄၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရပါသည်။

သတင်းစဉ်

မိုးညိုမြို့နယ်၌ ရေဘေးနှင့် ကမ်းပြိုဘေးသင့်ပြည်သူများအား ထောက်ပံ့

မိုးညို ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူနှင့် ကမ်းပြိုဘေးသင့်ပြည်သူများ ယာယီနေထိုင်သည့် ကယ်ဆယ်ရေးစခန်းများသို့ ဇူလိုင် ၁၇ ရက်က သွားရောက်ပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာကိုးရွာ၌ မြစ်ရေဝင်ရောက်မှုကြောင့် ကြိုတင်ပြောင်းရွှေ့နေအိမ် နှစ်လုံး၊ မျောပါနေအိမ်တစ်လုံး၊ ပြိုလဲနေအိမ်တစ်လုံးနှင့် သစ်ပင်ပိ၍ တစ်စိတ်တစ်ပိုင်း ပျက်စီးသော နေအိမ်တစ်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၄၅၀၀၀၀ နှင့် လူဦးရေ ၁၄ ဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၂၉၄၀၀၊ ရေဝင်ပြောင်းရွှေ့နေအိမ် ၅၈ လုံးမှ လူဦးရေ ၂၄၆ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၅၁၆၆၀၀ နှင့် လုံးဝပျက်စီးသော နေအိမ်နှစ်လုံးအတွက် တန်ဖိုး ၂၀၀၄၉၆ ကျပ်ရှိ ထောက်ပံ့ပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကမ္ဘာတစ်ဝန်း နည်းပညာချို့ယွင်းမှုများဖြစ်ပေါ်ပြီးနောက် လေဆိပ်ဝန်ဆောင်မှုများ အနှောင့်အယှက်ဖြစ်ပေါ်

ဂျီနီဗာ ဇူလိုင် ၁၉

ကမ္ဘာတစ်ဝန်းရှိ လေကြောင်းခရီးစဉ်များမှ ဘဏ်များသို့ ဆိုက်ဘာနည်းပညာချိတ်ဆက်မှု ပြတ်တောက်ခြင်းများကြောင့် ဆွစ်ဇာလန်နိုင်ငံရှိ အကြီးဆုံးနိုင်ငံတကာလေဆိပ်ဖြစ်သည့် ဇူးရစ်လေဆိပ်တွင် ဇူလိုင် ၁၉ ရက်က အနှောင့်အယှက်အများအပြားနှင့် ရင်ဆိုင်ခဲ့ရသည်။

ဂျာမနီနိုင်ငံ ဟမ်းဘာ့ဂ်လေဆိပ်တွင် စောင့်ဆိုင်းနေသည့် ခရီးသည်များ။

အိုင်တီနည်းပညာဆိုင်ရာ ပြဿနာများကြောင့် လေယာဉ်ပျံသန်းမှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြစ်ပေါ်စေပြီး အထူးသဖြင့် လေဆိပ်သို့ ထပ်မံဆိုက်ရောက်လာမည့် လေယာဉ်များအတွက် စီမံဆောင်ရွက်ရသည့် လေဆိပ်၏ ဝန်ဆောင်မှုများကို ထိခိုက်စေခဲ့သည်။ ဇူးရစ်မြို့သို့ ပျံသန်းမည့် ခရီးစဉ်များတွင် ဝေဟင်ပေါ်သို့ ရောက်ရှိနေပြီးဖြစ်သည့် လေယာဉ်များကိုသာ ဆင်းသက်ခွင့်ပြုထားပြီး နောက်ထပ်ဆိုက်ရောက်လာမည့် လေယာဉ်များကို ဆင်းသက်ခွင့်ပြုရန် မဖြစ်နိုင်တော့ကြောင်း ဇူးရစ်လေဆိပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အွန်လိုင်းဝန်ဆောင်မှုအချို့ကို ဖျက်သိမ်းလိုက်ရ

အလားတူ ဂျပန်လေကြောင်းလိုင်း ခရီးသည်ဝန်ဆောင်မှုစနစ်မှာလည်း ချို့ယွင်းသွားခဲ့ပြီး ၎င်းတို့၏ အွန်လိုင်းဝန်ဆောင်မှုအချို့ကို ဖျက်သိမ်းလိုက်ရကြောင်း ပြောကြားသည်။ ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်တွင် ပြဿနာစတင်ဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံတကာလေကြောင်းခရီးစဉ်များအတွက် လက်မှတ်များကို ၎င်းတို့၏ ဝက်ဘ်ဆိုက်သို့မဟုတ် အက်ပလီကေးရှင်းမှတစ်ဆင့် ဝယ်ယူခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အွန်လိုင်းဝန်ဆောင်မှုများ အသုံးမပြုနိုင်တော့ကြောင်း ဂျပန်လေကြောင်းလိုင်းက ပြောသည်။ အဆိုပါစနစ်ချို့ယွင်းမှုသည် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသော ကြီးမားသည့် အနှောင့်အယှက်များနှင့် ဆက်စပ်မှု ရှိ မရှိ မသိရသေးကြောင်း ကုမ္ပဏီက ပြောကြားသည်။

ထို့အတူ ဂျာမနီနိုင်ငံမြို့တော် လေဆိပ်ဖြစ်သည့် ဘာလင်ဘရန်ဒင်ဘာ့ဂ် လေဆိပ်အပါအဝင် ဂျာမနီနိုင်ငံရှိ လေဆိပ်အများအပြားတွင်လည်း ဇူလိုင် ၁၉ ရက်က ကမ္ဘာလုံးဆိုင်ရာ အိုင်တီပြဿနာကြောင့် ခရီးစဉ်နှောင့်နှေးမှုများ၊ ဖျက်သိမ်းမှုများနှင့် အနှောင့်အယှက်များ ဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

တောရိုင်းတိရစ္ဆာန် ကျန်းမာရေးစောင့်ကြည့်လေ့လာမှုများ တိုးမြှင့်လုပ်ဆောင်ရန် လာအိုဆောင်ရွက်

ဗီယင်ကျန်း ဇူလိုင် ၁၉

လူသား၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ရန်အတွက် တောရိုင်းတိရစ္ဆာန်ကျန်းမာရေး စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြု စံ လုပ်ထုံးလုပ်နည်းများကို လာအိုအစိုးရက မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်များကို လာအို စိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (ဒဗလျူစီအက်စ်) တို့ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုအမျိုးသားရေဒီယိုက ဇူလိုင် ၁၉ ရက်တွင် ကြေညာသည်။

လမ်းညွှန်ပံ့ပိုးပေးသွားမည်

အဆိုပါအစီအစဉ်အရ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ဆောင်နေသော အစိုးရမဟုတ်သောအဖွဲ့အစည်းများအား တောရိုင်းတိရစ္ဆာန်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုဖြစ်စဉ်များ၊ ရောဂါဖြစ်ပွားမှုတို့ကို တုံ့ပြန်ဆောင်ရွက်ခြင်းတို့အပါအဝင် စောင့်ကြည့်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ထိန်းချုပ်ခြင်း စသည့် စံလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်သူများ အားလုံးထံသို့ လမ်းညွှန် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆင်ဟွာ

ဓားဖြင့်တိုက်ခိုက်ခံရခြင်းကြောင့် ပါရီမြို့မှ ရဲအရာရှိတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိ

ပါရီ ဇူလိုင် ၁၉

ပြင်သစ်နိုင်ငံ ပါရီမြို့အလယ်ပိုင်းတွင် ဓားဖြင့်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ရဲအရာရှိတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

လာမည့်ဇူလိုင် ၂၆ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပါရီအိုလံပစ် အားကစားပြိုင်ပွဲ စတင်တော့မည်ဖြစ်ရာ လုံခြုံရေးများတင်းကျပ်စွာချထားသည်။ Champs-Elysees လမ်းအနီး စတိုးဆိုင်တစ်ဆိုင်တွင် ဓားကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးကို တွေ့ရှိကြောင်း ဇူလိုင် ၁၈ ရက် ညပိုင်းက ရဲများ သတင်းရရှိခဲ့သည်။ ရဲများရောက်ရှိချိန်တွင် အဆိုပါအမျိုးသားမှာ ထွက်ပြေးခဲ့သည်။ ၎င်းနောက်ကို လိုက်လာသည့် ရဲနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရာတွင် ရဲအရာရှိကို ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်သည်။

နောက်ထပ်လိုက်ပါလာသည့်ရဲတစ်ဦးက အဆိုပါအမျိုးသားကို သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့သည်။ ဓားဖြင့် တိုက်ခိုက်မှုကျူးလွန်သည့် အမျိုးသားမှာ နောက်ပိုင်းတွင် သေဆုံးသွားကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ ဓားဖြင့်တိုက်ခိုက်မှုကျူးလွန်သူမှာအသက် ၂၇ နှစ်အရွယ် နိုင်ငံခြားသားတစ်ဦးဖြစ်ကြောင်း ပါရီရဲချုပ် လော့ရန် နူးရက်ဇ်က ပြောသည်။ ပါရီမြို့တွင် နိုင်ငံခြားခရီးသွားများစွာ ရောက်ရှိနေသဖြင့် ယင်းဖြစ်ရပ်အတွက် အချို့သောလူများတွင် စိုးရိမ်ပူပန်မှုဖြစ်စေမည်ဟု ဒေသခံတစ်ဦးက ပြောသည်။ မည်သည့်ပြဿနာမှမဖြစ်ပွားဘဲ အိုလံပစ်အားကစားပြိုင်ပွဲ စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

ဂျပန်နိုင်ငံရှိ ဆေးခန်းများတွင် ကိုဗစ် - ၁၉ လူနာများ များပြားလာ

တိုကျို ဇူလိုင် ၁၉

ဂျပန်နိုင်ငံတစ်လွှား ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့လာသည့်အတွက် ဖျားနာသည့်လူနာများ ဆေးခန်းများတွင် လာရောက်ပြသမှု များပြားလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက်တွင် တိုကျိုမြို့ ရှင်ဂျူကူရပ်ကွက်ရှိဆေးခန်းတစ်ခုတွင် လူနာများ များပြားလျက်ရှိသည်။ အသက် ၄၀ ဝန်းကျင် အမျိုးသားတစ်ဦးမှာ လည်ချောင်းနာပြီး ဖျားနာသဖြင့် ဆေးခန်းသို့ ရောက်လာသည်။ ၎င်းကိုဆေးစစ်ကြည့်သည့်အခါ ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။ ၎င်းမှာ ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ထားမှုမရှိပေ။ ဆေးခန်းသို့ လာရောက်သည့် လူနာ ၂၄ ဦးတွင် ၁၁ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။ လွန်ခဲ့သည့်လကုန်ပိုင်းမှ စတင်ကာ နေ့စဉ်ဆေးခန်းလာပြသူများထဲတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရသူ ၁၀ ဦး ပုံမှန်တွေ့ရှိနေရသည်ဟု ဆေးခန်းက ပြောသည်။

ကိုဗစ် - ၁၉ ရောဂါလက္ခဏာများဖြစ်သည့် ဖျားနာခြင်းနှင့် လည်ချောင်းနာခြင်းတို့မှာ ပုံမှန်အအေးမိသည့်လက္ခဏာနှင့် ဆင်တူသည့်အတွက် ၎င်းတို့ကို ခွဲခြားရန် ခက်ခဲသည်။ ကိုဗစ် – ၁၉ က ပို၍ ကူးစက်မှုလွယ်ကူသည်ဟု ဆရာဝန်များက ပြောသည်။

နွေရာသီအားလပ်ရက်ကာလ စတင်သည်နှင့် အခြားသူများနှင့် ထိတွေ့ဆက်ဆံမှုများ တိုးလာသည်။ ထို့ကြောင့် လူတိုင်း လူတိုင်း ကိုဗစ် – ၁၉ ကူးစက်မှုအခြေခံ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ဆေးခြင်း၊ လေဝင်လေထွက်ကောင်းအောင်ပြုလုပ်ခြင်းနှင့် ချောင်းဆိုးပါက ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ကို ပြုလုပ်သင့်သည်ဟု ဆေးခန်းဒါရိုက်တာက ပြောသည်။

အင်န်အိတ်ချ်ကေ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ရဟတ်ယာဉ်ပျက်ကျသဖြင့် ငါးဦး ဒဏ်ရာရ

ဂျကာတာ ဇူလိုင် ၁၉

အင်ဒိုနီးရှားနိုင်ငံ ဘာလီအပန်းဖြေကျွန်းတွင် လူငါးဦးလိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်း ဇူလိုင် ၁၉ ရက်က ပျက်ကျခဲ့ပြီး လေယာဉ်မှူးအပါအဝင် ခရီးသည်လေးဦးဒဏ်ရာရရှိကြောင်း အကြီးတန်း ကယ်ဆယ်ရေးသမားတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ဒေသစံတော်ချိန် ၁၄ နာရီ ၃၇ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း၊ လူနှစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ပြီး အခြားသုံးဦးမှာ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကာ ဒဏ်ရာရရှိသူအားလုံးကို အာရ်အက်စ်စီလုံ ဆေးရုံသို့ အမြန်တင်ပို့ခဲ့ကြောင်း ကျွန်းပေါ်ရှိ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံး အကြီးအကဲ အိုင်ညိုမန်စီဒါခါယာက ပြောကြားသည်။ အဆိုပါရဟတ်ယာဉ်သည် ဘာလီကျွန်းသို့အလည်အပတ်ခရီးစဉ် သွားရောက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဈေးမီးလောင်မှုဖြစ်ပွား

ကန်ဒါဟာ ဇူလိုင် ၁၉

အာဖဂန်နစ္စတန် တောင်ပိုင်း ကန်ဒါဟာပြည်နယ် စပင်ဘော့ဒ့်ါခ်ခရိုင်ရှိ ဈေးတစ်ခုအတွင်း ဇူလိုင် ၁၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှု ကြီးမားကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ မော်လဝီအီဇမ်က ပြောသည်။ နံနက်ပိုင်းတွင် ဝီကစ်ရှ်ဘာဇာ ဈေးမီးလောင်ခဲ့ခြင်းဖြစ်ပြီး နံနက် ၁၁ နာရီအထိ ကွန်တိန်နာ ၅၀ ကျော် မီးလောင်သွားကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။ တစ်ပတ်ရစ်ကားများ၊ အပိုပစ္စည်းများနှင့်အခြားပစ္စည်းများ အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ ဈေးအတွင်းရှိပြီး ပျက်စီးဆုံးရှုံးမှုကြီးမားသည်ဟု သိရသည်။ မီးငြိမ်းသတ်နိုင်ရေး မီးသတ်သမားများက ကြိုးပမ်းလျက်ရှိပြီး မီးလောင်ရသည့်အကြောင်းရင်းကို မသိရသေးပေ။ **ဆင်ဟွာ**

ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင် ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ် ၂ အုပ်၊ ပုံနှိပ်ဆဲ ၆ အုပ်၊ စာသားများစစ်ဆေးဆဲ ၁၇ အုပ်၊ စာမူပြုစုဆဲ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ် ၂၀ အုပ်ရှိပါသည်။

၂။ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇၃၄၀၆၂၇၆၊ ၀၉၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင် (ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇၃၄၀၆၂၃၂၊ ၀၉၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး (ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ ဖုန်း - ၀၂၄၀၆၁၁၁၂၊ ၀၉၄၂ ၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၁၆၅၁၂၀၉၊ ၀၉၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၂၄၀၃၆၃၁၂၊ ၀၉၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီး၌ ပြုလုပ်သည့် (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီး၏ (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဘုရားကြီးရှိ အာရုံခံတန်ဆောင်း၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံသရာအေး ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ **(ဝဲပုံ)** ထို့နောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ သာသနာ့ဝေပုလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ခေမရဋ္ဌဗျာဒိတ်တော်ပေးရုပ်တော်မူ ဘုရားကြီး၌ ပြုလုပ်သည့် (၃၁) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ပူဇော်ပွဲကို ဇူလိုင် ၁၅ ရက်မှ ယနေ့အထိ ငါးရက် တိုင်တိုင် ရွက်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဘားအံတက္ကသိုလ်၌ မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ဘားအံ ဇူလိုင် ၁၉

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှု အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ တက်ရောက်သည်။

ရှေးဦးစွာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထိပ်တင်ဟန်က အမှာစကားပြောကြားပြီး အမှတ်(၃၁)မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး အောင်မြင့်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်များအကြောင်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောခြင်း၊ အမှတ် (၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ဒုတိယရဲမှူး သိန်းဇော်မြင့်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူများမှ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေကူမြို့၌ စာဖတ်ဝိုင်းနှင့် ဓာတ်ပုံပြပွဲကျင်းပ

ရွှေကူ ဇူလိုင် ၁၉

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ် (၄) ဘောဂဗလ အခြေခံပညာ အလယ်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေး ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပပသိန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန် မြင့်တင်ရေးနှင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"၊ "လူငယ်နှင့်လိုအပ်ချက်" ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။

ထို့နောက် နံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြပွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာပြီး အား/ကာ သိပ္ပံအသင်းမှာမူ ဇင်ရဲနောင်၊ သိန်းဇော်သီဟ၊ သန်းတိုးအောင်၊ မိုးဆွေအောင်တို့ဖြင့် လူစုံခဲ့သည်။

ဒဂုံစတားယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်နေစဉ်။

မိနစ် ၂၀ တွင် ခိုင်ရဲဝင်းက အား/ကာ သိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ရှစ်မိနစ်အကြာတွင် ဆွမ်လမန်က ဒဂုံစတားယူနိုက်တက် အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသဖြင့် ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာပြီး ၆၃ မိနစ်တွင် အောင်ကျော်နိုင်က ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားအသင်းမှ ဆွမ်လမန်ကရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ အား/ကာသိပ္ပံ အသင်းက သုံးပွဲကစား သုံးမှတ်ရရှိထားသည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇူလိုင် ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ သစ္စာအားမာန် အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက် အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

◆ *ကျောဖုံးမှ*

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၁၀ ကီလိုဂရမ်ပါ အိတ် ၁၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၇ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Cycle Tube အခု ၂၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ တစ်စုံ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၆၈၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၂၆၄၈၆၈၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

လူငယ်နှင့်ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်း၊ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့် အမှာစကားပြောကြားစဉ်။

အောင်ကို(ဖန်ခါးမြေ)

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေများ

ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ၃၇ ဒသမ ၃၄ ပေ (၁၁၃၈ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၇ ဒသမ ၇၃ ပေ (၁၁၅၀ စင်တီမီတာ) အောက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော်ခန့် (၁၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ၉၄ ဒသမ ၇၅ ပေ (၂၈၈၈ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၅ ဒသမ ၁၄ ပေ (၂၉၀၀ စင်တီမီတာ) အောက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ၂၈ ဒသမ ၂၈ ပေ (၈၆၂ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၅၄ ပေ (၈၇၀ စင်တီမီတာ) အောက်သို့ ပေဝက်ခန့် (၈ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❑ *ကျော့ဖုံးမှ*

အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင်၂၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်၊ ပါရာဒစ်ရှ်မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၉ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထို့နောက် မုန်တိုင်းငယ်သည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ဩရိဿပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်တို့သို့ ရောက်ရှိကာ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ဇူလိုင် ၂၁ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

စိုက်မွေးစွမ်းအား တို့အားထား၍ တိုးတက်စေမည့် ဂျီဒီပီ

ရွှေရည်လင်း

■ ဒီတော့ နိုင်ငံ့ဂျီဒီပီ တိုးတက်ဖို့ စဉ်းစားတဲ့အခါမှာ မူလထုတ်လုပ်နေတဲ့ ကုန်ထုတ်လုပ်မှုပမာဏကနေ ဘယ်လောက်တိုးတက်ထုတ်လုပ်မယ်၊ ပြည်တွင်းမှာ ဘယ်လောက်စားသုံးမယ်၊ ပြည်ပသို့ ဘယ်လောက်တိုးချဲ့ကုန်သွယ်မှုပြုမယ်ကို ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း ဒါမှမဟုတ် လက်ရှိ စိုက်ပျိုးနေတဲ့မြေပေါ်မှာ ရာသီအလိုက် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရာသီအလိုက်သာ ရရှိတဲ့ သီးနှံများကို ရာသီကုန်အထိ ရရှိအောင် လုပ်ဆောင်ခြင်း စတာတွေကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်

စီးပွားရေးအခြေခံများအပေါ် တွန်းအားပေး

နိုင်ငံတိုင်းဟာ စီးပွားရေးအင်အားကောင်းမွန်စေဖို့ တစ်နည်းအားဖြင့် ဂျီဒီပီတိုးတက်ဖို့ကို ဆောင်ရွက်ကြပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ဂျီဒီပီမှာပါဝင်တဲ့ ကဏ္ဍကြီးသုံးခုဖြစ်တဲ့ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Agriculture၊ Industry and Services – AIS) တို့ တိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းကြပါတယ်။ ဒီလိုကြိုးပမ်းတဲ့နေရာမှာ မိမိတို့နိုင်ငံအလိုက် စီးပွားရေးကို တွန်းအားပေးနိုင်တဲ့ အခြေခံကောင်းများပေါ် မူတည်ပြီး ဘယ်ကဏ္ဍက စီးပွားရေးကို တွန်းအားပေးနိုင်လဲဆိုတာကို အခြေခံစဉ်းစားဆောင်ရွက်ကြပါတယ်။ ဒီကဏ္ဍကြီးများရဲ့ စီးပွားရေးမှာ ပါဝင်မှုအချိုးကို တစ်နည်းအားဖြင့် စီးပွားရေးဖွဲ့စည်းမှုပုံစံ (Economic Structure) လို့လည်း ခေါ်ကြပါတယ်။ ဒီ AIS အချိုးပြောင်းလဲမှုကို သုံးသပ်ပြီး စီးပွားရေးကဏ္ဍများ၏ တိုးတက်ပြောင်းလဲမှုအခြေအနေကို ခန့်မှန်းနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကအားထားဆောင်ရွက်ကြပြီး ထိုမှတစ်ဆင့် အခြားကဏ္ဍများတိုးတက်ရေးကို ဆောင်ရွက်တာတွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေခံကောင်း

မြန်မာနိုင်ငံအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဟာ စီးပွားရေးအခြေခံကောင်းများ ဖြစ်တဲ့အတွက် ဒီကဏ္ဍနှစ်ခုရဲ့ တိုးတက်ပြောင်းလဲမှုက အခြားစီးပွားရေးကဏ္ဍများရဲ့ ထုတ်လုပ်နိုင်မှုနဲ့ ဝန်ဆောင်နိုင်စွမ်း တိုးတက်ပြောင်းလဲမှုကိုလည်း အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ ဒီကဏ္ဍများကို တိုးတက်အောင် ဆောင်ရွက်ရင်း အခြားကဏ္ဍများမှာလည်း ကွဲကူးရေပါဆိုသလို တိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်ဖြစ်ပေါ်မှုများမှတစ်ဆင့် ဂျီဒီပီတန်ဖိုးဟာလည်း တိုးတက်ပြောင်းလဲလာတာ ဖြစ်ပါတယ်။

ဂျီဒီပီဆိုတာ

ဂျီဒီပီဆိုတာက Gross Domestic Product (စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး) ကို ရည်ညွှန်းတဲ့ အတိုကောက်စကားလုံးဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ နယ်နိမိတ်အတွင်း သတ်မှတ်ထားတဲ့ အချိန်ကာလမှာ ထုတ်လုပ်တဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတို့ရဲ့ စုစုပေါင်းတန်ဖိုးလည်း ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတွင်းနိုင်ငံများနဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေကို တိုင်းတာရာမှာ ဂျီဒီပီညွှန်းကိန်းကို အများဆုံးအသုံးပြုကြပါတယ်။ လယ်ယာကဏ္ဍကြီးမှာတော့ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုပြီး ခွဲခြားပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တု၊ စက်မှုလက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍကြီးမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲမှု၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုကဏ္ဍတို့ ပါဝင်တယ်လို့သိရပါတယ်။

စားရေးဝတ်ရေးလိုအပ်ချက်ကို လယ်ယာ၊ သားငါးကဏ္ဍမှ ဖြည့်ဆည်း

စားသုံးသူပြည်သူများရဲ့ နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ စားရေး၊ ဝတ်ရေးအတွက် အခြေခံလိုအပ်ချက်များကို လယ်ယာကဏ္ဍနဲ့ သားငါးကဏ္ဍများက ဖြည့်ဆည်းပေးနေပါတယ်။ လယ်ယာ၊ သားငါးကဏ္ဍက ထုတ်လုပ်တဲ့ကုန်ပစ္စည်းများကို တိုက်ရိုက်စားသုံးတာရှိသလို ကုန်ချောအနေနဲ့ ထုတ်လုပ်ရောင်းချတာလည်း ရှိပါတယ်။ အခြားကဏ္ဍများရဲ့ ကုန်ချောထုတ်လုပ်ဖို့ အခြေခံကုန်ကြမ်းအဖြစ် ထုတ်ယူသုံးစွဲတာလည်းရှိပါတယ်။ ဥပမာ – ဆန်၊ ဆန်ကြာဆံ၊ ပဲကြာဆံ၊ ဆန်ကွပ်ကီး၊ ဆန်ကိတ်မုန့်၊ စည်သွပ်ဘူးများ (သစ်သီး၊ အသား၊ ငါး စသဖြင့်) ဖြစ်ပါတယ်။ ဒီတော့ လယ်ယာကဏ္ဍကြီးကနေ အရည်အသွေးမြင့် လယ်ယာ၊ သားငါး ထွက်ကုန်ထုတ်လုပ်မှုများ တိုးတက်လာပါက စက်မှုလက်မှုကဏ္ဍရဲ့ ဈေးကွက်ဝင် စက်မှုထွက်ကုန်များ ထုတ်လုပ်မှုကို တွန်းအားပေးရာလည်း ရောက်တဲ့အပြင် အဆိုပါထုတ်ကုန်များကို သယ်ယူပို့ဆောင်ရောင်းချရာမှ ဝန်ဆောင်မှုကဏ္ဍများဖြစ်တဲ့ ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုကဏ္ဍများကိုလည်း တိုးတက်လာစေမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးဟာ အခြားကဏ္ဍကြီးနှစ်ခု တိုးတက်ဖို့ အခြေခံကျတဲ့ကဏ္ဍလည်း ဖြစ်ပါတယ်။

ဆင့်ပွားသက်ရောက်နိုင်

စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်နိုင်မှုစွမ်းအားမှတစ်ဆင့် စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍများ တိုးတက်စေဖို့ အထောက်အကူပြုတာဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး စီးဆင်းလည်ပတ်မှုမှာ ပါဝင်နေတဲ့ စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်သူ အိမ်ထောင်စုများ၊ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေး အခြေပြုဆောင်ရွက်နေသူများအားလုံးကို အကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် လယ်ယာ၊ သားငါး အခြေခံကုန်ထုတ်လုပ်မှုများကနေ ထုတ်လုပ်နိုင်စွမ်းတိုးတက်လာခြင်းဖြင့် အခြားကဏ္ဍများကိုပါ ဆင့်ပွားသက်ရောက်မှုများ ဖြစ်လာတာမို့ စိုက်မွေးစွမ်းအားဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို များစွာအကျိုးသက်ရောက်မှု ရှိပါတယ်။ ထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားရာမှာလည်း ပြည်တွင်းနဲ့ ပြည်ပရောင်းဝယ်မှုများ ပါရှိလာတာဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်စွမ်းအားကောင်းပါက ပြည်တွင်းစားသုံး မှု ဖူလုံရုံသာမက ပြည်ပသို့ပါ ပိုမိုရောင်းချနိုင်တဲ့အတွက် ပြည်ပမှဝင်ငွေရရှိပြီး နိုင်ငံတော်ရဲ့ ဝင်ငွေကိုလည်း တိုးတက်လာစေမှာဖြစ်ပါတယ်။

ပြည်ပပို့ကုန်တိုးချဲ့ရေး

ဒီနေရာမှာ ပြည်ပပို့ကုန် များများပို့နိုင်ပါက ပို့ကုန်တိုးတက်ရရှိပြီး ကုန်သွယ်မှုမှာ ပိုငွေဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေများများရရှိပါက နိုင်ငံရဲ့ဂျီဒီပီတန်ဖိုး တိုးတက်ရရှိရေးကို အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှ ထုတ်လုပ်နိုင်တဲ့ ပစ္စည်းများကို တိုးတက်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းများ တိုးတက်လာမှာဖြစ်သလို အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ လုပ်ငန်းလည်ပတ်မှု အားကောင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းများကိုပါ ပြည်တွင်းမှ ထုတ်လုပ်ရရှိပါက ပြည်တွင်းထုတ် ကုန်ချောပစ္စည်းများရဲ့ ဈေးနှုန်းမှာ ပြည်ပက တင်သွင်းရတာထက် ဈေးနှုန်း သက်သာမှုရှိလာမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သွင်းကုန်အစားထိုးနိုင်တဲ့အပြင် စားသုံးသူပြည်သူများအတွက် ကုန်ကျစရိတ် သက်သာစေမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးစွမ်းအားမြှင့်တင်ဖို့

မြန်မာနိုင်ငံဆိုတာ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်းများကို ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိတဲ့ ကုန်ထုတ်လုပ်မှုဟာ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုမှာ အဓိကကျတဲ့အခန်းကဏ္ဍကပါဝင်နေပါတယ်။ ဒီတော့ နိုင်ငံ့ဂျီဒီပီ တိုးတက်ဖို့ စဉ်းစားတဲ့အခါမှာ မူလထုတ်လုပ်နေတဲ့ ကုန်ထုတ်လုပ်မှုပမာဏကနေ ဘယ်လောက် တိုးတက်ထုတ်လုပ်မယ်၊ ပြည်တွင်းမှာ ဘယ်လောက်စားသုံးမယ်၊ ပြည်ပသို့ ဘယ်လောက်တိုးချဲ့ကုန်သွယ်မှုပြုမယ်ကို ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း ဒါမှမဟုတ် လက်ရှိ စိုက်ပျိုးနေတဲ့မြေပေါ်မှာ ရာသီအလိုက် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရာသီအလိုက်သာရရှိတဲ့ သီးနှံများကို ရာသီကုန်အထိ ရရှိအောင် လုပ်ဆောင်ခြင်း စတာတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရာသီသီးနှံများကို ဈေးကွက်အတွင်းမှာ ရာသီမရွေးဝယ်ယူရရှိနိုင်မည်ဆိုပါက ဝယ်လိုအားကောင်းပြီး တောင်သူများနဲ့ လက်လီလက်ကားရောင်းဝယ်သူများလည်း ဝင်ငွေတိုးတက်ရရှိမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးမှာ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းဆိုတာရှိပါတယ်။ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းသတ်မှတ်ရာမှာ ပညာရှင်များက နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့ သီးနှံထွက်နှုန်းများကို နှိုင်းယှဉ်သုတေသနပြုလုပ်ပြီး တစ်ဧကအထွက်နှုန်းကို သတ်မှတ်ထားတာဖြစ်ပါတယ်။ ထိုသို့ စိုက်ပျိုးစွမ်းအားမြှင့်တင်ရာမှာ ရိတ်သိမ်းချိန်လွန်နည်းပညာများ တိုးတက်ရရှိရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေးနဲ့ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများပြည့်မီရေး၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်ရေးနဲ့ ရာသီမရွေး သီးနှံများထုတ်လုပ်ရရှိနိုင်ရေးက အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာတော့ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီရေးနဲ့ သီးထပ်စွမ်းအား တိုးချဲ့ရေးကို အဓိကထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနှစ်ချက်အောင်မြင်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးနဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ များစွာမြင့်မားလာနိုင်မှာဖြစ်ပါတယ်။

မျိုး၊ မြေ၊ ရေ၊ နည်း

ဂျီဒီပီတွင် အဓိကပါဝင်နေတဲ့ စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုတိုးတက်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ အဓိကလိုအပ်တာကတော့ မျိုး၊ မြေ၊ ရေ၊ နည်း ပဲဖြစ်ပါတယ်။ မျိုးဆိုတာက မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ဖို့၊ မြေဆိုတာ မြေဆီမြေဩဇာ ကောင်းမွန်ဖို့၊ ရေဆိုတာက စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ရေရရှိဖို့၊ နည်းဆိုတာက စိုက်ပျိုးစနစ်နဲ့ နည်းပညာကောင်းမွန် မှန်ကန်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုအချက် လေးမျိုးစလုံးကို စိုက်ပျိုးသူ တောင်သူဦးကြီးများ၊ သက်ဆိုင်ရာ စိုက်ပျိုးရေးနဲ့ နီးနွယ်သုတေသနဌာနများ၊ စိုက်ပျိုးရေးဝန်ဆောင်မှုပံ့ပိုးပေးနေတဲ့ ဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို ထိခိုက်နိုင်တဲ့

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ထုတ်ကုန်အရည်အသွေးကျဆင်းမှု၊ သဘာဝဘေးနဲ့ ပိုးမွှားရောဂါအန္တရာယ်ကျရောက်တတ်တဲ့ ကိစ္စရပ်များကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့လည်း လိုမှာဖြစ်ပါတယ်။

ဒီနေရာမှာစိုက်ပျိုးရေးနဲ့ဆက်စပ်လို့တင်ပြရမယ်ဆိုရင် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာအမျိုးမျိုးကို နှုန်းထားအပြည့်အသုံးပြုမယ်ဆိုရင် လိုအပ်ချက်ဟာ နှစ်စဉ်မက်ထရစ်တန် လေးသန်းခန့်ရှိကြောင်း သိရှိရပါတယ်။ ပြည်တွင်းက ထုတ်လုပ်နိုင်မှုဟာ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ မက်ထရစ်တန် သုည ဒသမ ၀၅ သန်းခန့်သာရှိကြောင်း သိရှိရပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လို့ဆိုရမယ့် ဓာတ်မြေဩဇာအမျိုးမျိုးကို နှုန်းထားအပြည့်အသုံးပြုဖို့ နှစ်စဉ်ပြည်ပက ပျမ်းမျှ မက်ထရစ်တန် ၃ ဒသမ ၉၅ သန်းခန့် တင်သွင်းရမှာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ ဓာတ်မြေဩဇာအမျိုးမျိုးကို ပြည်ပက မက်ထရစ်တန် ၁ ဒသမ ၀၄ သန်းခန့် တင်သွင်းခဲ့ရကြောင်း သိရှိရပါတယ်။ ဒါဟာ လိုအပ်ချက်ကို နှုန်းထားပြည့်တင်သွင်းနိုင်ခဲ့တာမဟုတ်ပါဘူး။ ဒီလိုပြည်ပက တင်သွင်းရတဲ့အတွက် ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရပြီး ဒါဟာ စိုက်ပျိုးထုတ်ကုန်များကို တန်ဖိုးကြီးမြင့်လာစေတဲ့ အဓိကအချက်တစ်ချက်ဖြစ်ပါတယ်။ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာအမျိုးမျိုးကို သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနဲ့ တခြားတွင်းထွက်ပစ္စည်းများကနေ ပြည်တွင်းမှာ လုံလုံလောက်လောက်သာ ထုတ်လုပ်ပေးနိုင်မယ်ဆိုရင် နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကို များစွာအကျိုးပြုနိုင်မှာဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ထိရောက်စွာအထောက်အကူဖြစ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း စိုက်ပျိုးတောင်သူများရဲ့ ဓာတ်မြေဩဇာလိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ဖို့ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။

မွေးမြူရေးကဏ္ဍတိုးတက်ဖို့

အဲဒီလို စိုက်ပျိုးရေးကဏ္ဍကို မြင့်မားတိုးတက်လာအောင် ဆောင်ရွက်မယ်ဆိုရင် စိုက်ပျိုးရေးက ထွက်ရှိလာမယ့် ကုန်ကြမ်းတွေက မွေးမြူရေးကိုပါ ဆက်စပ်အကျိုးပြုမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ ပြည်သူလူထုဟာ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနဲ့ ငါးတို့ကို အဓိကစားသုံးကြပါတယ်။ ဒီတော့ ဒေသတွင်းလိုအပ်ချက်ဖြစ်တဲ့ အသား၊ ငါးစားသုံးမှုကိုလည်း ဖူလုံအောင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဈေးကွက်မှာ အသားထုတ်လုပ်မှုအတွက်လိုအပ်တဲ့ တိရစ္ဆာန်တွေကို မွေးမြူဆောင်ရွက်ရာမှာ စီးပွားဖြစ်လုပ်ငန်းကြီးတွေကို စတင်လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းကစပြီး လုပ်ကိုင်နိုင်ပါတယ်။ ဒေသထွက်မျိုးစိတ်တွေနဲ့ပဲ စတင်လို့ရပါတယ်။ ဒါပေမယ့် သမားရိုးကျပုံစံမျိုးနဲ့ မွေးမြူကြမယ်ဆိုရင်တော့ တိုးတက်လာမှာမဟုတ်ဘဲ မိသားစုစားရေးဖူလုံရုံသာ အဆင်ပြေနိုင်မှာဖြစ်ပြီး လူမှုစီးပွားဘဝကို တိုးတက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ခေတ်မီတဲ့ မွေးမြူရေးနည်းစနစ်တွေနဲ့ ပေါင်းစပ်မွေးမြူကြရမှာဖြစ်ပါတယ်။ ဒီလိုနည်းပညာတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ သွင်းအားစုကုမ္ပဏီတွေ

ကနေ နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးက ထွက်ရှိလာတဲ့ ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်နဲ့ ကောက်ရိုးတွေကို မွေးမြူရေးတိရစ္ဆာန်များအတွက် အာဟာရဖြည့်စွက်စာကျွေးခြင်းဖြင့်လည်းကောင်း၊ ယူရီးယားနဲ့ ပြုပြင်ထားတဲ့ကောက်ရိုးကျွေးမွေးခြင်းဖြင့်လည်းကောင်း၊ နေပီယာမြက်ကဲ့သို့ တိရစ္ဆာန်အာဟာရဖြည့်မြက်မျိုးများ စိုက်ပျိုးကျွေးမွေးခြင်းဖြင့်လည်းကောင်း စနစ်တကျကျွေးမွေးပြီး မွေးမြူရမှာဖြစ်ပါတယ် ။ နည်းပညာအကူအညီရယူပြီး စနစ်တကျမွေးမြူတဲ့ မွေးမြူရေးလုပ်ငန်းနဲ့ လွတ်ကျောင်းစနစ်နဲ့ မွေးမြူတဲ့လုပ်ငန်းဟာ အကျိုးရှိထိရောက်မှုခြင်း လုံးဝကွာခြားလှပတယ်။ ဖတ်မှတ်ဖူးခဲ့တဲ့စာအုပ်အချို့မှာဆိုရင် အရှေ့တောင်အာရှမှာ ကြက်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် အစောဆုံးမွေးမြူတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်းပါဝင်ကြောင်း မှတ်သားဖူးပါတယ်။ အဲဒီလို အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူခဲ့တဲ့ ဒေသကြက် တစ်နည်းအားဖြင့် တိုင်းရင်းကြက်မျိုးဟာ ပြည်ပကဝင်ရောက်လာတဲ့ မျိုးစိတ်ဖြစ်တဲ့ အသားတိုးကြက်တွေထက် အရသာပိုပြီးပြည့်စုံကောင်းမွန်ပါတယ်။ ဒီလိုတိုင်းရင်းကြက်မျိုးကို သမားရိုးကျနည်းနဲ့ မွေးမြူနေခြင်းထက် နည်းပညာအကူအညီနဲ့ သေချာစနစ်တကျ မွေးမြူနိုင်ဖို့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပဲ တခြားအသားထုတ်လုပ်နိုင်တဲ့ ဒေသမျိုးစိတ်တွေဖြစ်တဲ့ ဝက်၊ အမဲ၊ ဆိတ်နဲ့ ငါးတွေကိုလည်း သမားရိုးကျ မွေးမြူခြင်းမဟုတ်ဘဲ ခေတ်မီတဲ့ မွေးမြူရေးနည်းစနစ်တွေနဲ့ မွေးမြူကြရမှာဖြစ်ပါတယ်။ ဒီလိုမျိုး တစ်ပိုင်တစ်နိုင် မွေးမြူရေးကို စနစ်တကျနဲ့ဆောင်ရွက်မယ်ဆိုရင် အသားထွက်နှုန်းတိုး၊ နို့ထွက်နှုန်းတိုးတက်လာမှာဖြစ်ပြီး ဈေးကွက်ဝင်အာဟာရဓာတ်ပြည့်ဝတဲ့အသားများကို မွေးမြူထုတ်လုပ်လာနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ဈေးကွက်မှာလည်း ယခင်ထက် ရောင်းတန်းပိုဝင်လာပြီး ဝင်ငွေရရှိမှုမှာလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ပြည်တွင်းမှာ အခြေခံစားသုံးနေကြတဲ့ ကြက်ဥ၊ ဘဲဥ ထုတ်လုပ်မှုကိုလည်း ပြည်တွင်း စားသုံးမှုအတွက်သာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ တိုးတက်ထုတ်လုပ်ဖို့ ကြိုးစားလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

မွေးမြူရေးဘက်မှာ မျိုးကောင်းမျိုးသန့်များ မွေးမြူရေးနဲ့ အာဟာရပြည့်ဝတဲ့ အစားအစာများ ကျွေးမွေးဖို့၊ ကျန်းမာသန်စွမ်းပြီး ရောဂါကျရောက်မှု အန္တရာယ်မှ ရှောင်ရှားနိုင်ဖို့ကို အထူးဂရုပြုရမှာဖြစ်သလို မွေးမြူထုတ်လုပ်ရာမှာလည်း နည်းစနစ်ကောင်းများနဲ့ ထုတ်လုပ်နိုင်မှ အလေအလွင့်လျော့နည်းပြီး ထုတ်လုပ်နိုင်စွမ်း တိုးတက်လာမှာဖြစ်ပါတယ်။ အလေအလွင့်လျော့နည်းဖို့ဆိုရင် စိုက်ပျိုးမွေးမြူမှုလုပ်ငန်းစတင်သည်မှ ဈေးကွက် (Farm to Market) သို့ ရောက်ရှိသည်အထိ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် လိုအပ်တဲ့နည်းစနစ်နဲ့ အခြေခံ

အဆောက်အအုံ (ဥပမာ- ခေတ်မီသီးနှံသိုလှောင်ရုံများ၊ ကြိတ်ခွဲ၊ သန့်စင်သည့်စနစ် ၊ ထုတ်လုပ်မှု စက်ကိရိယာများ) လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဈေးကွက်သို့ဝင်ရောက်ရာမှာ ဈေးနှုန်းရရှိနိုင်ဖို့ စံချိန်၊ စံညွှန်းပြည့်မီစေဖို့ နည်းစနစ်ကောင်းများကို ထည့်သွင်းစဉ်းစားသွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ထုတ်ကုန်များ ဈေးကောင်းရရှိမှာဖြစ်ပြီး ဝင်ငွေတိုးတက်စေရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများပြီး မြေပေါများတဲ့ မြန်မာနိုင်ငံမှာ မွေးမြူရေးစွမ်းအားတိုးတက်ဖို့ အခြေခံကောင်းများ များစွာရှိတဲ့အတွက် မွေးမြူရေးဇုန်များ၊ စီးပွားဖြစ် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့တဲ့ မွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာမှာ ဖြစ်တဲ့အပြင် စားရေရိက္ခာဖူလုံရေးဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်ပြည့်မီရေးကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

တကယ်လုပ်အဟုတ်ဖြစ်

အထက်မှာတင်ပြခဲ့သည့်အတိုင်း ဂျီဒီပီတိုးတက်ဖို့အစ လယ်ယာထွက်ကုန်က ဆိုသကဲ့သို့ လယ်ယာကဏ္ဍကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် အခြားကဏ္ဍများလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးစွမ်းအားနဲ့ ဂျီဒီပီတိုးတက်ရေးကို မြှင့်တင်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်တဲ့အတွက် အဆိုပါ အလားအလာကောင်းများကို ပိုမိုအကျိုးဖြစ်ထွန်းစေဖို့ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုနဲ့ စိုက်မွေးကဏ္ဍ တိုးတက်ရေးကို အားပေးမြှင့်တင်လျက်ရှိသလို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့လည်း နိုင်ငံတော်နဲ့ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် တကယ်လုပ်အဟုတ်ဖြစ်ဆိုတဲ့ စကားအတိုင်း လက်တွေ့အမှန်တကယ် အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေး

ဒါကြောင့် ဂျီဒီပီ တိုးတက်စေဖို့ အခြေခံဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍများမှ တိုးတက်ထုတ်လုပ်နိုင်ဖို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးလျက်ရှိပါတယ်။ နိုင်ငံတော်က စိုက်မွေးစွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေးနေသလို တောင်သူများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီနဲ့ ဆောင်ရွက်သွားပါက ပြည်သူများရဲ့ ဝင်ငွေတိုးတက်လာပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကို အထောက်အကူကောင်းများ ဖြစ်ပေါ်လာစေမှာဖြစ်ပြီး ဂျီဒီပီတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

တိုက်ကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဇူလိုင်လ ဒုတိယပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး အာကာကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဖျောက်မြို့ အမှတ်(၁) ရပ်ကွက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေကောင်းတဲ၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးဆောင်ရွက်ခြင်း၊ ကြွေပုဂံချောင်းကျေးရွာအုပ်စုရှိ ဆည်မြောင်းတာနှစ်လုံးကြားရှိ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အိမ်ခြေ ၇၄ လုံးအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ၌ မြေကွက်များကို အကွက်ရိုက်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ငါးလာချောင်းကျေးရွာအုပ်စုအတွင်းရှိ ကုန်ထုတ်လမ်းဘေး၌ တောင်သူ ဦးမြင့်နိုင်၏ လယ်ယာမြေ သုံးဧကအတွင်း Seeder ဖြင့် မိုးစပါးစိုက်ပျိုးနေမှုအပေါ် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲတက်ရောက်

ထားဝယ် ဇူလိုင် ၁၉

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများက "မြန်မာပြည်မှာ စာပဒေသာဝေဆာစေ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေဖတ်ရှုသည့်အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ အသိဉာဏ်ပညာများကိုအရင်းအနှီးပြုပြီး ဘဝဖွံ့ဖြိုးတိုးတက်စေရန် စသည့်အချက်များနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၏ စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားကျောင်းသူများ ကျောင်းစာကြည့်တိုက်များကို အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရန်၊ အားလပ်ချိန်တွင် ကျောင်းစာကြည့်တိုက်၌ စာဖတ်သည့်အလေ့အထရရှိအောင် လေ့ကျင့်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက စာပေအသိပညာဟောပြောပေးသော စာရေးဆရာ အန်ကယ်ပညာနှင့် စာရေးဆရာဂမ္ဘီရမင်းမောင်တို့ကို ဂုဏ်ပြုဆုချီးမြှင့်ကာ စကားရည်လုပြိုင်ပွဲ(အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး(အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး အောင်မျိုးထွန်းက ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က စာစီစာကုံး(အလယ်တန်း)အဆင့်တွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ပုံပြင်ပြောပြိုင်ပွဲတွင်ဆုရရှိသောကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များ(ကိုယ်စား) ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် ဆုရရှိသောကျောင်းသား ကျောင်းသူများက ပြိုင်ပွဲဝင်ခေါင်းစဉ်များဖြင့် ပြန်လည်၍ သရုပ်ပြပြီး ကျောင်းသား ကျောင်းသူလေးများက "ဇာတိမာန်" သီချင်းဖြင့် သီဆို၍အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိုက်ခရိုဆော့ဖ်အပ်ဒိတ်ကြောင့် ကမ္ဘာတစ်ဝန်းမှ ကွန်ပျူတာအများအပြား ဖွင့်မရတော့သည့် ပြဿနာဖြစ်ပွား၊ နိုင်ငံတကာပို့ဆောင်ဆက်သွယ်ရေးနှင့် ဘဏ်စနစ်အပါအဝင် ကဏ္ဍစုံ၌ အကျပ်အတည်းဖြစ်ပေါ်နေ

ရန်ကုန် ဇူလိုင် ၁၉

ဇူလိုင် ၁၉ ရက်တွင် မိုက်ခရိုဆော့ဖ်က ၎င်း၏ ဝင်းဒိုးစနစ်သုံး ကွန်ပျူတာများအတွက် ထုတ်ပေးလိုက်သည့် အပ်ဒိတ်တစ်ခု၌ ချို့ယွင်းမှုတစ်ခု ပါဝင်လာသောကြောင့် အဆိုပါ အပ်ဒိတ်ကို တင်လိုက်မိသော ကမ္ဘာတစ်ဝန်းမှ ဝင်းဒိုးစနစ်သုံး ကွန်ပျူတာအများအပြားသည် စက်ဖွင့်မရတော့သည့် Blue screen of death-BSOD error ကို ကြုံတွေ့နေရသည်။

စုံစမ်းစစ်ဆေး

လတ်တလောတွင် Major Global IT Outage ဟု အမည်ပေးထားသော အဆိုပါပြဿနာသည် မိုက်ခရိုဆော့ဖ်၏ ဆိုက်ဘာလုံခြုံရေး ဆော့ဖ်ဝဲဖြစ်သော CrowdStrike အတွက် ထုတ်ပေးလိုက်သည့် အပ်ဒိတ်တစ်ခုကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး အလိုအလျောက်အပ်ဒိတ် (Auto Update) လုပ်ထားသော ကွန်ပျူတာများသည် ယင်းအပ်ဒိတ်ကို တင်လိုက်မိပြီးသည်နှင့် BSOD error ဖြစ်ပွားခြင်းဖြစ်ကြောင်း နိုင်ငံတကာမှ အသုံးပြုသူများက ရေးသားနေကြသည်။ သို့သော် မိုက်ခရိုဆော့ဖ် အနေဖြင့် အတိအကျသတင်း ထုတ်ပြန်ခြင်းမရှိသေးဘဲ စုံစမ်းစစ်ဆေးနေကြောင်းသာ ထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ကွန်ပျူတာအများအပြားကို ဖွင့်မရသည့် ပြဿနာကြောင့် ဝင်းဒိုးကွန်ပျူတာစနစ်အပေါ် အခြေခံတည်ဆောက်ထားသည့် နိုင်ငံတကာမှ လေကြောင်းလိုင်းများအပါအဝင် သယ်ယူပို့ဆောင်ရေး ကွန်ရက်များ၊ ဆက်သွယ်ရေးကွန်ရက်များ၊ ဘဏ်လုပ်ငန်းစနစ်များ၊ မီဒီယာလုပ်ငန်းကြီးများ၊ စတော့အိတ်ချိန်းများ၊ ဆေးရုံစနစ်များ အပါအဝင် ကဏ္ဍပေါင်းစုံ၌ မကြုံစဖူးအကျပ်အတည်းနှင့် ရုတ်တရက် ရင်ဆိုင်ရကာ လေကြောင်းလိုင်းများ ရပ်ဆိုင်းခြင်း၊ ဆေးရုံနှင့် ဘဏ်များ ပိတ်ထားလိုက်ခြင်းများ ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စု၌ ဆက်သွယ်ရေးစနစ်တွင်ပါ ထိခိုက်မှုများရှိနေပြီး ပြည်သူအများစုအနေဖြင့် အရေးပေါ်အကူအညီတောင်းရန် 911 သို့ ဖုန်းခေါ်ဆိုမှုများပါ မရသည်အထိ ဖြစ်ပွားနေကြောင်း သိရသည်။

အဆိုပါ ပြဿနာသည် လိုင်စင်ဝင်းဒိုးဟုခေါ်သော တရားဝင်ဝင်းဒိုးစနစ်တွင် ချက်ချင်းထုတ်ပေးသည့်အပ်ဒိတ်ကြောင့် ဖြစ်ပွားခြင်းဖြစ်ရာ မြန်မာနိုင်ငံမှ အသုံးပြုသူများအပေါ် ထိခိုက်မှုဖြစ်ပွားခြင်းကို မတွေ့ရသေးပေ။ မြန်မာနိုင်ငံမှ အသုံးပြုသူအများစုမှာမူ Crack ဗားရှင်းဟု ခေါ်သော လိုင်စင်မဟုတ်သည့် ဝင်းဒိုးစနစ်များကိုသာ အသုံးပြုနေကြခြင်းဖြစ်ရာ အပ်ဒိတ်ရချိန်သည် လိုင်စင်ဝင်းဒိုးများထက် အနည်းဆုံး တစ်ပတ်မှ လပိုင်းအထိ နောက်ကျတတ်သောကြောင့် မြန်မာနိုင်ငံမှ အသုံးပြုသူများသည် အဆိုပါ အပ်ဒိတ်ကို ရရှိခြင်းမရှိသေးပေ။

သို့ရာတွင် ပြည်တွင်းဈေးကွက်၌ ရောင်းချနေသော နောက်ဆုံးထွက်(တစ်နှစ်အတွင်း ဝယ်ယူထားသော) လက်ပ်တော့ပ်အသစ်အချို့တွင်မူ လိုင်စင်ဝင်းဒိုးများ ပါဝင်တတ်ရာ အဆိုပါလိုင်စင်ဝင်းဒိုး လက်ပ်တော့ပ်အသစ်များကို အသုံးပြုသူများအနေဖြင့်မူ သတိထားရန် လိုအပ်ကြောင်း၊ ထိုသို့ လက်ပ်တော့ပ်အသစ်များကို အသုံးပြုနေသူများအနေဖြင့် ဝင်းဒိုး၏အော်တိုအပ်ဒိတ်ကို ပိတ်ထားသင့်ကြောင်းနှင့် အော်တိုအပ်ဒိတ်များကို မပိတ်တတ်ပါက လတ်တလောတွင် လက်ပ်တော့ပ်များကို အင်တာနက်ချိတ်ဆက်ခြင်း မပြုသင့်ကြောင်း ပြည်တွင်းမှ ကွန်ပျူတာအရောင်းနှင့် ဆားဗစ်ဆိုင်ရှင်တစ်ဦးက အကြံပြုထားသည်။

"ဆောင်ရန် ရှောင်ရန်ကတော့ လောလောဆယ် ဝင်းဒိုးအပ်ဒိတ်တွေကို ပိတ်ထားသင့်ပါတယ်။ တကယ်လို့ ပြဿနာဖြစ်လာရင်လည်း ကိုယ့်သဘောနဲ့ကိုယ် မလုပ်ဘဲ ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ ဆိုင်တွေဆီမှာပဲ ပြသင့်ပါတယ်။ ဒေတာတွေ ဆုံးရှုံးမှုမရှိဖို့အတွက်ဆိုရင် ကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ပြီးမှ အပ်ဒိတ်ဗားရှင်းကနေ ပြန်နှိမ့်မလား၊ ဝင်းဒိုးပြန်တင်မှာလားဆိုတာ ဆုံးဖြတ်တာမျိုး လုပ်သင့်ပါတယ်" ဟု အကြံပြုပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌မူ ဇူလိုင် ၁၉ ရက် ညပိုင်းအထိ အဆိုပါပြဿနာကိုဖြေရှင်းနိုင်မည့် ဖြေရှင်းချက်ကို မိုက်ခရိုဆော့ဖ်က ထုတ်ပေးနိုင်ခြင်းမရှိသေးသလို နိုင်ငံတကာမှ ကွန်ပျူတာကျွမ်းကျင်သူများ၊ နည်းပညာဖိုရမ်များ အနေဖြင့်လည်း ဖြေရှင်းချက်ထုတ်ပေးနိုင်ခြင်း မရှိသေးပေ။

ကိုစိုး

လယ်ဝေးမြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်းအသိပညာပေး

လယ်ဝေး ဇူလိုင် ၁၉

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က သစ်ပင်စိုက်ပျိုးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ပြုလုပ်သည်။

လယ်ဝေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဋ္ဌေးနှင့် သစ်တောဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများက ကျွန်း၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ပန်းမဲဇလီ၊ မဟော်ဂနီ၊ ပျဉ်းမ၊ ကဗ္ဗီး စုစုပေါင်း ၁၅၀ ပင်ကို ကျောင်းဝင်းအတွင်း စိုက်ပျိုးကြသည်။ ထို့နောက် ကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသစ်ပင်များ၏ ကဏ္ဍခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

မြန်မာ Boxer များ ပြည်ပတွင် ဆုကြေးစား လက်ဝှေ့ပွဲများ ထိုးသတ်ရန်စီစဉ်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဂျပန်လက်ဝှေ့ကော်မရှင်နှင့် MBC ကုမ္ပဏီတို့ပူးပေါင်းပြီး မြန်မာ Boxer များကို WBCနှင့် WBO ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လက်ရည်စစ်ပွဲကျင်းပမည်ဖြစ်သည်။

အဆိုပါလက်ရည်စစ်ပွဲကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇူလိုင် ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ယင်းလက်ရည်စစ်ပွဲကို မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ဂျပန်လက်ဝှေ့ကော်မရှင်တို့က ကြီးကြပ်မည်ဖြစ်သည်။ လက်ရည်စစ်ပွဲတွင် အမျိုးသားများ သုံးမိနစ် လေးချီနှင့် အမျိုးသမီးများ နှစ်မိနစ် လေးချီ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရည်စစ်ပွဲအောင်မြင်သူများကို စခန်းသွင်းလေ့ကျင့်ပေးပြီး ဂျပန်နိုင်ငံရှိ ပြိုင်ပွဲများသို့ စေလွှတ်မည်ဖြစ်သည်။ ဆုကြေးစား(ပရော်ဖက်ရှင်နယ်)လက်ဝှေ့သမားများသည် ပြိုင်ပွဲအနိုင်ရရှိမှုပေါ်မူတည်၍ ထိုးသတ်ကြေးရရှိမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

သထုံမြို့နယ်အတွင်းရှိ ကရင်လေးဆိပ်တံတား မိုင်းခွဲဖျက်ဆီးခံရသောကြောင့် ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူစေရေး အချိန်မီပြန်လည်ပြင်ဆင်

သုဝဏ္ဏဝတီမြို့ ဇူလိုင် ၁၉

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး မိုးကောင်းကျေးရွာအုပ်စု ကရင်လေးဆိပ်ကျေးရွာအထွက် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်မှ တံတားတစ်စင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးလိုက်သောကြောင့် ပြည်သူများ ခရီးသွားလာမှု ခေတ္တရပ်တန့်သွားသော်လည်း သက်ဆိုင်ရာက ခရီးသွား မော်တော်ယာဉ်များ ဖြတ်သန်း သွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့သဖြင့် ယင်းနေ့မွန်းလွဲပိုင်းကပင် တစ်ဖက်ပိတ် တစ်ဖက်ဖွင့်စနစ်ဖြင့် သွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

ဖျက်ဆီးခြင်း ခံရသော တံတားမှာ အကျယ် ပေ ၄၀၊ အလျား ၁၀ ပေ ရှိသော တံတားတစ်စင်းဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက တံတားတစ်ခြမ်းကို ကျောက်၊ မြေဖို့နင်းကြမ်းခင်း၍ တစ်ဖက်ပိတ်၊ တစ်ဖက်ဖွင့်စနစ်ဖြင့် ကားများစတင်သွားလာနိုင်နေပြီး ဇူလိုင် ၁၉ ရက်တွင် တံတားတစ်ခြမ်းကို အောက်ခြေရေပိုက်လိုင်းထည့်ကာ ကျောက်၊ ကတ္တရာဖြည့်ပြီး လမ်းခင်းနေကြောင်းနှင့် တံတားတစ်စင်းလုံး ဖြတ်သန်းသွားလာအသုံးပြု၍ ရရှိအောင် အမြန်ဆုံးဆောင်ရွက်နေကြောင်း ရွှေသံလွင်ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု ရပ်တန့်သွားခြင်းမရှိအောင် သက်ဆိုင်ရာက အချိန်မီပြင်ဆင်၍ ကုန်စည်စီးဆင်းမှုမပြတ်အောင်၊ ခရီးသွားပြည်သူများ သွားလာနိုင်အောင် စီမံဆောင်ရွက်နေခြင်းကြောင့် ယခုအခါ ခရီးသွားမော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေပြီ ဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

လှည်းကူးမြို့နယ် သမဝါယမကောလိပ်(ဖောင်ကြီး)တွင် သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း အသိပညာပေး

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို ပြည်သူလူထုအတွင်း နိုးကြားသော အသိစိတ်ဓာတ် ရှင်သန်စေရေးအတွက် အသိပညာပေး ဟောပြောခြင်းကို ဇူလိုင် ၁၈ ရက်က လှည်းကူးမြို့နယ် သမဝါယမကောလိပ်(ဖောင်ကြီး)၌ ကျင်းပသည်။

ဟောပြောပွဲတွင် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်က ကမ္ဘာ့သစ်တောများနှင့် မြန်မာ့သစ်တောများ၏ တည်ရှိမှုများ၊ သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများ၊ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပြုစုခြင်း နည်းစနစ်များကို တက်ရောက်လာသူများ သိရှိနားလည်စေရန် အသိပညာပေး ဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များကို သစ်တောဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးသည်။

ဟောပြောပွဲသို့ လှည်းကူးမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ သမဝါယမ

ကောလိပ် ကျောင်းအုပ်ကြီး ဦးရဲမြင့်သန်း၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အာကာလင်း

မင်းဘူးခရိုင်၌ မိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် လုပ်ငန်းလေးခုအကောင်အထည်ဖော်

မင်းဘူး ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် ခေတ်မီစံပြကျေးရွာဖော်ဆောင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းဖြင့် ယခုနှစ်တွင် စီမံကိန်းလုပ်ငန်းလေးခု ဆောင်ရွက်လျက်ရှိရာ မင်းဘူး(စကု)မြို့နယ် တောင်မန်း စံပြကျေးရွာ၌ အခြေခံကိတ်နှင့် မုန့်မျိုးစုံသင်တန်း၊ ထိန်တော ကျေးရွာနှင့် ကမ်းနီကျေးရွာတို့၌ အခြေခံစက်ချုပ်သင်တန်းနှင့် ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ အခြေခံကိတ်နှင့် မုန့်မျိုးစုံသင်တန်းများ ဖြစ်ကြောင်း မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံထံမှ သိရသည်။

ထိုသို့ဖော်ဆောင်ရာတွင် အခြေခံကိတ်နှင့် မုန့်မျိုးစုံသင်တန်းကို ဇူလိုင် ၁၅ ရက်က မင်းဘူး(စကု)မြို့နယ်ရှိ တောင်မန်းစံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ကျင်းပပြီး မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဒေသခံပြည်သူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းကို ဇူလိုင် ၂၁ ရက်အထိ အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းများ တက်ရောက်ပြီးစီးပါက သင်တန်းတစ်ခုတွင် လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား စိစစ်ရွေးချယ်ပြီး စီမံကိန်းတစ်ခုတွင် လုပ်ငန်းရှင် ငါးဦးနှုန်းဖြင့် မင်းဘူးခရိုင်အတွင်း လုပ်ငန်းရှင် ၂၀ ဦး ပေါ်ထွက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းအလိုက်ရွေးချယ်ထားသူများကို ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးစက်ပစ္စည်းများကိုပံ့ပိုး၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မောင်မောင်(မင်းဘူး)

မင်းလှမြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စု ၁၀၀၀ ကျော်ရှိ

အထက်မင်းလှ ဇူလိုင် ၁၉

မင်းလှမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကြီးမှုကြောင့် ဇူလိုင် ၁၉ ရက်အထိ ရပ်ကွက်၊ ကျေးရွာများ၌ ရေဘေးသင့်အိမ်ထောင်စု ၁၀၆၉ စု (ဦးရေ ၄၃၁၄ ဦး)ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။ မင်းလှမြို့နယ်၌ ဇူလိုင် ၁၃ ရက်မှစပြီး မြစ်ရေကြီးမှုကြောင့် မြို့မရပ်ကွက်၊ တောင်ရပ်ကွက်၊ ရုံးရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်၊ မလွန်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ ပေတောကန္တားကျေးရွာ၊ သပြေတောကျေးရွာ၊ ညောင်ပင်သာ (အရှေ့)၊ (အနောက်)ကျေးရွာ၊ သဖန်းချောင်းကျေးရွာ၊ ကိုင်းကျေးရွာတို့မှ အိမ်ထောင်စုများအား သက်ဆိုင်ရာရပ်ကွက်ကျေးရွာများအလိုက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပြီး ဌာနဆိုင်ရာများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ မြွေအန္တရာယ် သတိပြုနေထိုင်ရေး အသိပညာပေးဆောင်ရွက်ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၉ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)		
စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၆၅ ကျပ်	၂၅၄၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၈၉၀ ကျပ်	၂၉၆၅ ကျပ်
အောက်တိန်း ၉၂	၂၇၀၀ ကျပ်	၂၇၇၅ ကျပ်
အောက်တိန်း ၉၅	၂၈၂၀ ကျပ်	၂၈၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၉၀၀၀	၁၇၃	၁၅၅၁၅၀၀
MTSH	၃၄၅၀	၃၄၅၀	၁၁၃	၃၈၉၈၅၀
MCB	၀	၀	၀	၀
FPB	၁၆၅၀	၁၇၀၀	၂၁၃၈	၃၅၂၉၆၀၀
TMH	၂၇၀၀	၂၈၀၀	၃၉၀	၁၀၅၅၀၀၀
EFR	၁၆၅၀	၁၆၅၀	၇၆၉	၁၂၆၈၈၅၀
AHPC	၀	၀	၀	၀
MAEPC	၃၆၅၀	၃၇၅၀	၃၀၅၈	၁၁၃၄၁၂၀၀

ပတ်စ်ပို့ပျောက်

အောင်လံမြို့နယ်၊ ကြက်ရုံးလေးကျေးရွာနေ ဦးဝင်းအောင် ၏သမီး မအေးအေးသိန်း ၈/အလန(နိုင်)၁၆၁၈၆၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MF–142721) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉ ၄၄၃ ၂၂၂ ၇၄၉

အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက ကျိုက်ပိ၊ Grade–6 မှ ဦးညွန့်ဝင်း၏သမီး မအေးမြတ်သူ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မမေမြင့်မြတ်ဖြစ်ပါကြောင်း။

မမေမြင့်မြတ်

အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အမက– ထီပါလယ်သောင်တန်း Grade–3 မှ ဦးရဲလင်းနိုင်၏သမီး မသွန်းစုရတီထက်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဟေမာန်လင်းဖြစ်ပါကြောင်း။

မဟေမာန်လင်း

ဖခင်အမည်မှန်

ထားဝယ်မြို့၊ ရှမ္ဗလည်ဆွဲရပ်၊ မြေသာယာလမ်းနေ အထက (၈)ထားဝယ်၊ Grade–6 မှ စောခူစေး၏ဖခင်စောကလိုစေးဒို၏ အမည်မှန်မှာ စောစေးဒိုဖြစ်ပါကြောင်း။

စောစေးဒို

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မြသီတာရပ်ကွက်၊ မြသီတာအနောက်ပတ်လမ်း၊ အမှတ် ၃၇၃–က၊ ပါမစ်အမည်ပေါက် ဦးအေးထွေး (၁၂/တတန(နိုင်)၀၁၇၆၂၅) မြေကွက်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ရီရီစိုး ၁၄/ဖပန(နိုင်) ၁၃၃၇၅၇ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကို ကျွန်ုပ် ဒေါ်ခင်သက်ထားနိုင် (၁၄/မမန(နိုင်)၃၂၉၂၀၉)မှ ပေးချေခဲ့ပြီးဖြစ်ရာ ဤအရောင်းအဝယ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သက်ထားနိုင်
ဖုန်း–၀၉–၇၇၅၁၀၁၂၆၈

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန် အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ–

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ

(တရားကျင့်ထုံးဥပဒေပုဒ်မ –၁၁၅)

ရမည်းသင်းခရိုင်တရားရုံးတော်

၂၀၂၄ –ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၈

၁။ ဒေါ်အုန်းရွှေ	နှင့်	၁။ ဒေါ်အုန်းမေ
၂။ ဒေါ်လှတုတ်		၂။ ဒေါ်အုန်းငွေ
၃။ မမီးမီး(ခ)မအိငြိမ်းသူ		၃။ ဦးမောင်အေး
၄။ ဒေါ်ကောင်း		၄။ မဇူလိုင်နွေး
(လျှောက်ထားသူများ)		**(လျှောက်ထားခံရသူများ)**

၂၀၂၄–ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်တရားရုံး တရားကြီးမှုအမှတ် ၂၄/ ၂၀၂၃ အမှု၏ ချမှတ်ခဲ့သော နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ဆားထောင်အုပ်စု၊ အေးသာယာကျေးရွာနေ အမှတ်(၄)ပြင်ဆင်ရန် လျှောက်ထားခံရသူ မဇူလိုင်နွေး (ယခုနေရပ်လိပ်စာမရှိသူ) သိစေရမည်။

ဤအမှုတွင် ပျော်ဘွယ်မြို့နယ်တရားရုံးတော်၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော် ရှေ့နေ ဦးကျော်မင်းသူကတင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့ (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ်၃)ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ဤပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုနန္ဒာစိုး)
ဒုတိယခရိုင်တရားသူကြီး(၁)၊
ရမည်းသင်းခရိုင်တရားရုံး

ဖခင်အမည်မှန်

ဒေးဒရဲမြို့၊ အထက (၂) ကျောင်း Grade–11 မှ မကြယ်စင်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ညွန့် ၁၃/နဆန (နိုင်) ၀၀၅၄၀၈ ဖြစ်ပါကြောင်း။

ဦးကျော်ညွန့်

ပျောက်ဆုံးကြောင်း

(ဘ) ဦးစောနိုင်၏သမီး၊ ကျွန်မ မဆုပြည့်နိုင် (၈/သရန(နိုင်)၁၀၃၃၆၂) ၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံးသွား ပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၈၁၉၀၄၈၁၆

ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၇–၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်မှာ(၂၆) ဒေါ်လဲ့လဲ့မွန်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်အစား ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအားဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၇–၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်မှာ(၂၆) ဒေါ်ခင်မျိုးမြင့်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်အစား ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအားဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်–၁(က)ကန်ကြီးကွင်း၊ မြေကွက်အမှတ်(၁/၇)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၈၉/၂၀၂၂–၂၀၂၃ အရ ဦးလှသန်း အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၉၁/၂၀၂၄) ဖြင့် ဦးမြင့်ဟို၊ ဒေါ်မေလဲ့တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမြင့်ဟို ၆/မအရ(နိုင်)၀၆၃၆၁၉၊ ဒေါ်မေလဲ့ ၆/ပလန(နိုင်)၀၂၀၅၇၈တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

ပျောက်ဆုံးကြောင်း

MODEL ASIA SERVICES CO.,LTD ၏ သွင်းကုန်လိုင်စင်အမှတ် ILV 17–18 33133 (12/09/2017) နှင့် ILV 17–18 33131 (12/09/2017) သွင်းကုန်လိုင်စင်မူရင်းစာရွက်များမှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၀၇၂၃၃၁၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/၄၅)၊ ပေါ်တော်မူ(၂)လမ်း၊ အမှတ် (၈၅၀/ခ) အကျယ်အဝန်း–အလျား(၂၀)ပေxအနံ(၆၀)ပေရှိ ဒေါ်ပြူးအမည်ပေါက် ပါမစ်မြေအား ဦးအောင်နိုင်ဝင်း (၁၀/သထန(နိုင်)၀၉၂၅၂၃)မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသောကြောင့် ဦးအောင်နိုင်ဝင်း၏ ခွင့်ပြုချက်မရှိဘဲ မြေနှင့်အိမ်အတွင်းသို့ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများ ပြုလုပ်မည်ဆိုပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်နိုင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ညိုညိုဆင့် L.L.B. DBL,DML.DIL, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ စဉ်– ၁၁၉၃၉ (၃၁–၁–၂၀၁၇)
အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
Ph: 09–421152435

အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ဈေးတန်းရပ်ကွက်၊ အကွက်အမှတ်(၁၆) အကွက်အမည်–ဈေးတန်းကွင်း၊ ဦးပိုင်အမှတ် (၁၆၉)၊ မြေဧရိယာ(၀.၀၂၂)ဧကရှိ ဘိုးဘပိုင်မြေကိုအမည်ပြောင်းပေးရန် ဒေါ်ချိုချိုဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်းကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၁၁) နေ့မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သင်္ဂဟာလမ်း၊ အမှတ်(၂၇)၊ အခန်းအမှတ်(၅/ဘီ)နေ၊ (၁၂/ကမရ(နိုင်)၀၂၁၈၁၆) ကိုင်ဆောင်သူ ဒေါ်အေးအေးကြူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့၊ မင်းဓမ္မလမ်း၊ မင်းဓမ္မကွန်ဒိုမီနီယမ်၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၄၀၂/၄၀၃)ရှိ Win Progress Services Co., Ltd. ၏ Managing Director ဒေါ်မာလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အေးအေးကြူနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်သည်။

ဒေါ်အေးအေးကြူသည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီထံမှ (၂၀-၉-၂၀၁၆) ရက်နေ့စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ဖြင့် ငွေကျပ်- ၁၃,၆၀၀,၀၀၀/- တိတိကို(၂၀-၇-၂၀၁၉)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံ၍ ငွေများချေးယူပြီး၊ လက်ခံရယူသွားသော်လည်း ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် (၁၇-၇-၂၀၂၄)ရက်နေ့အထိ အရင်းနှင့်အတိုးစုစုပေါင်းငွေကျပ်- ၂၂,၃၂၂,၅၈၂/- ကို ပေးဆပ်ခြင်းမရှိ ပျက်ကွက်လျက်ရှိကြောင်း စာရင်းဇယားအရ တွေ့ရှိရသည်။

သို့ဖြစ်၍ ဤသတင်းစာကြေညာသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ပေးဆပ်ရန်ရှိသည့် ငွေကျပ်-၂၂,၃၂၂,၅၈၂/- (ကျပ်နှစ်ရာနှစ်ဆယ့်သုံးသိန်းနှစ်သောင်းနှစ်ထောင်ငါးရာရှစ်ဆယ့်နှစ်တိတိ)ကို ကုမ္ပဏီသို့ လာရောက်ပေးသွင်းရန်နှင့် ပေးသွင်းရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးကြူနှင့် အများသိစေရန် ကြေညာလိုက်သည်။

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၃၁၂၁၈၆၊ ၀၉-၄၂၀၀၈၇၃၄၀။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၀၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃။

အမည်မှန်

ရော၀တီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထကရေကြည် Grade–11(C)မှ (ဘ)ဦးဇေမောင်မောင်၏သား မောင်မောင်မင်းသူရကျော်သည် အမည်မှန် ဖြစ်ပါကြောင်း။

မောင်မောင်မင်းသူရကျော်

ဖခင်အမည်မှန်

ရော၀တီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက ရေကြည် Grade–12(D)မှ မဆောင်းနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း ၁၄/ရကန(နိုင်)၂၀၄၃၅၅ ဖြစ်ပါကြောင်း။

ဦးအောင်တင်ဝင်း

ဖခင်အမည်မှန်

ရော၀တီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက ရေကြည် Grade–11(C)မှ မောင်အာကာထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်မျိုးမြင့် ၁၄/ရကန(နိုင်)၁၁၂၉၀၆ ဖြစ်ပါကြောင်း။

ဦးနိုင်မျိုးမြင့်

ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၃)၊ Grade(12–A)မှ မစန်းသီတာထွေး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၉/တကန(နိုင်)၀၇၄၆၃၈ ဖြစ်ပါကြောင်း။

ဦးဆန်းဝင်း

ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက (၃)၊ Grade(12–A)မှ မစိုးရတနာ၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော် (၉/ပမန(နိုင်) ၁၃၁၈၅၃) ဖြစ်ပါကြောင်း။

ဦးသန့်ဇော်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက နိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဦးဇော်ထွေး	၁၁/ကဖန(နိုင်)၀၃၇၁၈၅	၇၅/၇၇၊ ဇေယျာသုခလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၃	၁/၇ Portion	ဒေါ်သန်းသန်းနွယ်
၂	ဦးစည်သူအောင်	TGKN ၀၆၇၆၃၃	၅၊ ဦးဘလှလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၀	၁၀၇	လာရိုကဂျာရှန်ကောဘတ်ဘဆီး
၃	ဦးမင်းချစ်သူ	၁၂/ဒပန(နိုင်)၀၄၉၄၂၂	၆၃/က၊ ဗိုလ်မင်းရောင်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံ	၁/ဗမာအေး	၆၃	ဒေါ်ရီရီမာ
၄	ဒေါ်ချိုချိုမြင့်	၁၂/သဃက(နိုင်)၀၃၉၉၄၂	၆၃၈/က၊ ရတနာပုံလမ်းနှင့် မေယုလမ်းထောင့်၊ ၁၀၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၁၀၇	၆၃၈/က	ဦးကျော်ရှိန်(ခ)ဗထီး
၅	ဒေါ်နွေးနွေးမျိုး	၁၂/ဗတထ(နိုင်)၀၃၅၁၆၇	၄၈၀/က၊ စိန်ချယ်လမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၀	၄၈၀	ဦးကွန်ဟုတ်
၆	ဒေါ်ပင်းသမား	၁၂/လမန(ပြု)၀၀၁၁၀၃	၃၇/ခ၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ ၁-ရပ်ကွက်၊ လှိုင်	၁၃	၅၉/က	မီးလောင်ပြင်ပြန်ချ
၇	ဒေါ်ဗျက်ဆုန်ငှန်	၄/ဟခန(နိုင်)၀၂၁၆၉၅	၈၇၉၊ အောက်မင်္ဂလာဒုံ(၁)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်	၄၀၀/A စဉ့်ငူ	၂၂ Portion	ဦးဘိုးမြစ်၊ မမဒွေး
၈	ဦးဝင်းရွှေ	၁၁/တကန(နိုင်)၀၀၆၆၁၂	၃၄၅/ခ၊ ၈-လမ်းတောင်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်	၆ D (၁၄၊၁၅၊၁၆)	၃၄၅ Portion	ဒေါ်တင်တင်လှ
၉	ဦးထွန်းသိန်း	၁၂/သဃက(နိုင်)၁၃၉၈၁၆	၅၄၊ နတ်စင်လမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၃	၂ Portion	ဘတ်ဂီယား+၃
၁၀	ဒေါ်မြတ်သီရိဆွေ	၁၂/သဃက(နိုင်)၀၀၁၇၁၈	၁၃၁/က၊ မေတ္တာလမ်း၊ သွပ်ပိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်း	ကြီးပွားရေး(တောင်)	၁၃၁/က	ဦးဘမောင်
၁၁	ဦးမောင်မောင်	၁၂/သဃက(နိုင်)၁၃၁၆၂၅	၂၂/ခ၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၀	ယခင်-၄၃ ယခု-၄၄	K အပါးဒူရေး မူဒလီးယား
၁၂	ဦးမျိုးနိုင်ဦး	၁၂/ဥကမ(နိုင်)၂၇၇၈၈၄	၉၂၉/ဂ၊ သုစိတာ(၃)လမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၂	၉၂၉ / Portion	ဦးအာမက်(ခ)တင်လှ၊ ဦးထွန်းစိုး၊ ဒေါ်ခင်စိုးဝင်း
၁၃	ဒေါ်ဖြူအိဖော်	၁၂/သကတ(နိုင်)၁၂၇၆၀၁	၂၅၀/ခ၊ ကြာညိုလမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၁	၂၅၀/ခ	ဒေါ်ဖြိုးဇာဝေလင်း(ခ)မိုးမိုးစံ
၁၄	ဒေါ်ခင်သူဇာဝင်း	၁၂/သဃက(နိုင်)၁၁၁၄၅၁	၅/က၊ သရဖီလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း	၅၄	၁၄၃ Portion	K.E လရောင်
၁၅	ဦးဇော်မင်း	၁၂/တမန(နိုင်)၁၀၈၃၇၂	၁၃၆/က၊ ရတနာသုခ(၁)လမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၆	၁၃၆	ဦးစည်သူအောင်
၁၆	ဦးကျော်ဇံ	၁၂/ဒဂန(နိုင်)၀၁၄၉၈၃	၅၈၈/ခ၊ ဒူးယား(၄)လမ်း၊ ၅၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၅၀	၅၈၈	ဦးစောကျော်ထွန်း

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ၂၂ ရပ်ကွက်၊ ကွေ့မလမ်းမကြီးနေ (ဘ) ဦးဇော်နီ ၇/အတန(နိုင်)၀၀၃၀၄၇၏ သမီး ဒေါ်စန္ဒာဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၂-၁၉၇၃ ဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

(ဘ) ဦးကံညွန့်၏ သားဖြစ်သူ ကျွန်တော် ညီမင်းခန့် ၈/အလန(နိုင်) ၁၆၂၄၉၁ သည် နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၁၆၄၆၀၁၂

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၇-၂၀၂၄ ရက်စွဲပါ စာ-၃၁ မြန်မာ့အလင်းသတင်းစာ ငြင်းချက်ထုတ်ရန်သမ္မန်စာတွင် တရားမကြီးမှု အမှတ်-၁၆/၂၀၂၄ဟု ဖော်ပြထားသဖြင့် တရားမကြီးမှု အမှတ် ၁၉/၂၀၂၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၇-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၅) ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် အမရပူရမြို့နယ် တရားသူကြီးအစား အမရပူရမြို့နယ်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/32253 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၈၄၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/11117 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၁၀/ပမန(နိုင်)၀၃၇၀၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/1920, 3R/1924, 3R/1926, 3R/1929, 3R/1934, 3R/1936, 3R/1947 SINO(HOWO) Concrete Mixer (6x4) L ယာဉ်လက်ဝယ်ရှိသူ CHINA CIVIL ENGINEERING CONSTRUCTION Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ
(ရွှာသာကြီး) ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅၇) ၊မြေကွက်အမှတ် - ၆၇၉ ၊မြေအကျယ်အဝန်း (၄၀' x၆၀)ပေရှိ ဦးကြည်စိုး၁၂/ဥကမ(နိုင်)၁၁၀၀၃၈ အမည်ပေါက် ပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အားအဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကြည်လှိုင် ၁၂/ ဒဂရ(နိုင်)၀၃၅၁၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီး ဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

ဦးကျော်သူရ (L.L.B,D.B,L.D.I.R)၊ (စဉ်-၁၆၄၅၃)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၃)၊ကင်မွန်းခြံလမ်းသွယ်၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၆၉၂၉၂၀၇၁၆၊ ၀၉-၄၂၁၀၃၈၉၂၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက် အမှတ်(၁၀)၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၂)၊ မြေကွက်အမှတ် ၁၄(က)၊ မြေအကျယ်အဝန်း ၀ ဒသမ ၀၂၇ ဧကရှိ ဒေါ်မှတ်ကြီး ၈/နမန(နိုင်)၀၆၃၆၈၉ နှင့် ဒေါ်သန်းလှ ၈/နမန(နိုင်)၀၉၃၁၀၅ တို့(၂)ဦး အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက် အပေါ်ရှိအိမ်အမှတ် ၁၄(က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အမည်ပေါက် ဒေါ်သန်းလှအပါအဝင် ဒေါ်မှတ်ကြီး၏ အမွေဆက်ခံခွင့်ရှိသည့် သားသမီး/မြေးများဖြစ်ကြသော ဦးစိန်လင်း ၉/မထလ(နိုင်)၀၅၉၂၄၄၊ ဒေါ်စံရှားတင် ၈/နမန(နိုင်)၀၆၃၈၉၃၊ ဒေါ်စန္ဒာသီရိ ၁၀/သထန(သီ)၀၁၀၆၇၊ ဒေါ်သဲစု အောင် ၁၂/လသယ(နိုင်)၀၇၉၃၆၄၊ ဦးလေးဖြူ ၈/နမန(နိုင်)၁၈၇၇၇၄၊ မောင်မျိုးမင်းချစ်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်သူရ (L.L.B,D.B,L.D.I.R) (စဉ်-၁၆၄၅၃)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၃)၊ကင်မွန်းခြံလမ်းသွယ်၊ ကန်လမ်း ၊(၁၀)ရပ်ကွက်၊ လှိုင်မြို့ နယ်
၊ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၆၉၂၉၂၀၇၁၆ ၊ ၀၉၄၂၁၀၃၈၉၂၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ လူနေရပ်ကွက်အမှတ် (ဝန်ထမ်းအိမ်ရာစီမံကိန်း သန်လျင်တံတား)၊ မြေကွက်အမှတ်(၂၂၅) ၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧက၊ အကျယ်အဝန်း (အလျား ၃၈ x အနံ၆၅) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အမှတ်-၂၂၅၊ အရှေ့မင်းလမ်း၊ ၁၀/ တောင်၊(၁၃)ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စုစုရည် ၇/ပတန(နိုင်)၀၅၂၉၄၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိန္ဒြေသီဟ ၁၂/တတထ(နိုင်)၀၀၂၈၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်မျိုးလှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)
အမှတ်(၂၂၆/ ဒုတိယထပ်)၊ဝိဇယပလာဇာ၊ ဦးဝိဇာရလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၉၇၃၀၅၅၅၁၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၈၀)ပေါ်တွင် ဆောက်လုပ်ထားသော(၅)ခန်းတွဲ(၉) ထပ်တိုက်အဆောက် အအုံ၏ (၆)ထပ်၊ အလယ်လှေခါးတောင်ဘက်ခန်း၊ အကျယ် အဝန်း (၁၅ ပေx၅၀ ပေ) ရှိ ရေမီးစုံ တိုက်ခန်း (၀၁) ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ကြည်သန်း ၁၂/စခန(နိုင်)၀၁၂၄၅၇ ထံမှ ကျွန်မ ဒေါ်ခိုင်မွန်ဇော် ၁၄/မမက (နိုင်)၁၈၄၃၄၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေ ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်မွန်ဇော်
ဖုန်း-၀၉-၂၅၀၁၂၁၂၃၄၊ ၀၉-၇၅၅၀၃၁၉၄၄

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
သဃ်န်းကျွန်းခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁၉ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ ဇာရီမှုအမှတ်-၉၉

ဦးခင်ဇော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးအေးဝင်း)	နှင့်	၁။ ဒေါ်သဲနုအောင် ၂။ ဒေါ်နီနီအောင် ၃။ ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်သီတာအောင် ၄။ ဒေါ်ထက်ထက်လှိုင် ၊ ၅။ ဒေါ်လေးလေးခန့် ၆။ ဦးခိုင်မြင့် ၇။ ဒေါ်ရင်ရင်ပြုံး ၈။ ဒေါ်ပြုံးပြုံးကြည်(ခ) မပေါက်
တရားနိုင်		တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၆၇ လမ်း၊ ပထမထပ်၊ အမှတ်(၃၇)နေ တရားပြိုင် ၁။ဒေါ်သဲနုအောင် ၂။ဒေါ်နီနီအောင် ၃။ ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်သီတာအောင် ၄။ဒေါ်ထက်ထက်လှိုင် ၅။ဒေါ်လေးလေးခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၃၂)ရပ်ကွက်၊ အခန်း(၆)၊ တိုက်(၁၃)နေ တရားပြိုင် ဦးခိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မြို့နယ်၊ (၄)ရပ်ကွက်၊ မော်တင်(၉)လမ်း၊ (၅)လွှာ၊ အမှတ်(၄၇)နေ တရားပြိုင် ဒေါ်ရင်ရင်ပြုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၃)လမ်း၊ ပထမထပ်(ဝဲ)၊ အမှတ်(၄၇)နေ တရားပြိုင် ဒေါ်ပြုံးပြုံးကြည်(ခ)မပေါက် (ယခုနေရပ် လိပ်စာမသိသူ) တို့သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင် တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁၉ တွင် ရရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့် ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ (သို့မဟုတ်) အကြောင်းပြချေဆိုနိုင်သူ အခွင့်အမိန့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)မွန်း မတည့်မီ ၁၀:၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်စိုးခိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
သဃ်န်းကျွန်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန် ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ဓနုဖြူမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

ဒေါ်ရွှေဥ	နှင့်	(၁) ဦးအောင်ချမ်းလွင် (၂) ဒေါ်ဆွေဆွေမြင့်
တရားလို		တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျောက်တိုင်ကျေးရွာနေ (၁) ဦးအောင်ချမ်းလွင်၊ (၂) ဒေါ်ဆွေဆွေမြင့် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရွှေဥက မင်္ဂလာဆောင်စရိတ်အဖြစ် ချေးယူထားသော ငွေ ၉၈၅၀၀၀၀/- (ကျပ်ကိုးဆယ့်ရှစ်သိန်းငါးသောင်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီ နံနက်(၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးအိ)
တွဲဖက်မြို့နယ်တရားသူကြီး
ဓနုဖြူမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၈၀၇၇ Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်ဦး ၁၀/သထန(နိုင်)၂၉၃၁၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၂၇၃၆၄ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၇/ပမန(နိုင်)၀၉၂၉၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၄၆၈/ခ၊ မြေကွက်တည်နေရာအမှတ်(၄၆၈/ခ)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းငွေ(S/OKA-009454)၊ မဘောဂီနွဲ့ ၁၂/ဥကတ(နိုင်)၀၁၈၁၂၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးထွန်းငွေ၊ ဒေါ်ဘောဂီနွဲ့ တို့ကို တရားပြိုင်ထား၍ ဒေါ်သီတာစိုးမှ တရားလိုပြုလုပ်ကာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်(၇၁/၂၀၂၃)၏ စီရင်ချက် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၇/၂၀၂၄)အမိန့်တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်/ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၈)လမ်း၊ အမှတ် (၁၁၄/ ၁၁၆)၊ မြေညီအခန့်(စီ)၊ ၁၅'x၃၉'ရှိ အခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော မီတာ(၁)လုံး၊ မော်တာ(၁)လုံး အပါအဝင်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ ဒေါ်ခင်သူဇာမြင့်(ခ)နန်းစံ ၁၂/လသန(နိုင်)၀၁၄၆၃၉ ထံမှ ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူသည့်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၅၄၁၇၀၆၁

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း၊ (ဇေယျဝတီ)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈C)၊ မြေကွက်အမှတ် (၁၀၄၉)၊ မြေပိုင်မြေအမျိုးအစား၊ အလျား ၂၅ပေ x အနံ ပေ၅၀ အကျယ်အဝန်းရှိ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း (ဇေယျဝတီ)လမ်း၊ အိမ်အမှတ် (၂၂)ဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအေးသွင် ၁၂/စခန(နိုင်) ၀၂၄၁၈၉ မှ တရားဝင်လက်ရှိထား ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးရဲဇော်ခိုင် ၁၂/စခန(နိုင်)၀၅၉၆၇၀ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဦးကျော်ဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၃၅)
အမှတ် (၅၈)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၂၉၀၈

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (လေးထောင့်ကန်/စိုက်မွေး)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ (၃)လမ်း၊ မြေကွက် အမှတ်(၁၅၃)၊ မြေပေအကျယ်(၆၀x၆၀)ပေ၊ စတုရန်းပေ(၃၆၀၀)ရှိ ဒုအရာခံဗိုလ် ဦးအေးဟန်(ငြိမ်း) အမည်ပေါက်မြေချပါမစ်မြေကွက်ကို အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်လှလှသန်း ၁၂/မရက(နိုင်)၁၃၇၀၃၉ က အထက်ပါမြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အားအပြီးအပိုင်လက် ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်သင်း ၁၂/ဒလန(နိုင်)၀၂၉၄၁၄ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်
LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)
တရားလွှတ်ကော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊
(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးလှဖေလမ်း၊ အမှတ်(၁၀၈၉)၊ ဒုတိယထပ်၊ (၃-လွှာ)၊ (မျက်နှာမူ ညာဘက်)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့ကို ဦးမင်းကျော်သူ (ဘ) ဦးတင်ငြိမ်း ၇/သကန(နိုင်)၀၈၃၃၂၀ သည် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးလှိုင် ၅/တမန(နိုင်)၀၆၅၆၁၄မှ အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းငြိမ်း (LL.B) (တရားလွှတ်တော်ရှေ့နေ)(စဉ်-၃၄၀၃/၈၅)
တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊
ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၁၆၇၈၂၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/5805 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR-9412+ 2TLR-9408၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/7259 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
ဟသ္သာတမြို့နယ်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃

ဦးမြင့်အောင် **နှင့်** ဒေါ်စန်းအေးပါ(၇)
တရားလို **တရားပြိုင်များ**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကိုးမိုင်ကျေးရွာနေ (ဘ)ဦးလှဝင်း၏သားကိုသိန်းလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဈေးရှေ့၊ ကျိုက္ကဆံလမ်းမကြီးနေ (ဘ)ဦးလှဝင်း၏သမီး ဒေါ်သန်းသန်းထွေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေ ရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၄ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဇော်ထူး)
မြို့နယ်တရားသူကြီး
ဟသ္သာတမြို့နယ်တရားရုံး

ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုမြို့၊ ကေ့ာစံနိုင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အကွက်အမှတ် (၁၂)၊ ကေ့ာစံနိုင်ဘုရားကြီးအကွက်၊ ဦးပိုင်အမှတ် (၄၆ᵃ)၊ မြေရိယာ (၀.၁၃၁)ဧကရှိ မြေကွက်သည် ကျိုက်ထိုမြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် မူလပိုင်ရှင်ဖြစ်သူ ဦးစိုးမြင့်အမည်မှ ဒေါ်သင်းသင်းခိုင်၏ အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်မှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၁၄) ရက်မတိုင်မီ ရက်ပေါင်း(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(ဇော်ဇော်) မြို့နယ်ဦးစီးဌာနမှူး
ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျိုက်ထိုမြို့

ဖခင်နှင့် သမီးအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက(ခွဲ) ဒိုးတန်းကျေးရွာ Grade-11 မှ မဖြူဖွေးသက်၏ အမည်မှန်မှာ မဖြူဖွေးသန့်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးအောင်တံခွန် ၁၄/ကကန(နိုင်)၁၀၇၅၇၇ ဖြစ်ပါကြောင်း။

ဖခင်နှင့် သမီးအမည်မှန်မှာ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက(ခွဲ) ဒိုးတန်းကျေးရွာ Grade-11 မှ မလင်းလက်နိုင်၏ အမည်မှန်မှာ မလင်းလဲ့နိုင်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် ၉/နထက(နိုင်)၁၂၈၇၀၉ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၄)လမ်း၊ မြေကွက်အမှတ်(၂၀၄/က)၊ မြေပေ အကျယ်(၂၀x၆၀)ပေ၊စတုရန်းပေ(၁၂၀၀)ရှိ ဒေါ်စန်းစန်းအေး+၅ အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်ကိုအရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးတင်လှဝင်း ၉/မနတ(နိုင်) ၀၄၇၀၀၇နှင့် ဒေါ်ဖြူဖြူဝင်း ၉/မနတ(နိုင်) ၀၅၁၄၄တို့က အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောပျဉ်ထောင်(၁-ထပ်)လုံးချင်းနေအိမ်အပါအဝင်ကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ မိမိတို့မှလွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိ ပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထားထားဦး ၁၂/ခရန(နိုင်)၀၉၆၅၅၉က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ- ဒေါ်ရီရီသန့်
LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇

ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်မြတ်သီတာသိန်း (ဘ) ဦးခင်မောင်သိန်း ၇/တငန(နိုင်)၀၉၇၇၁၈သည်ဦးဇော်မြင့်ထွန်း(ဘ)ဦးဝင်းလှိုင် ၁၂/ဥကမ(နိုင်)၁၉၁၆၃၁ နှင့် (၁၆-၇-၂၀၂၄)ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြတ်သီတာသိန်း
၇/တငန(နိုင်)၀၉၇၇၁၈

မြေဂရန်မူရင်းနှင့် စာချုပ်စာတမ်းမူရင်းများ ပျောက်ဆုံးကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒဂုံသီရိလမ်း၊ အမှတ်(၁၉) တွင် နေထိုင်သူ ဦးတုံချန်တာ (ခ) ဦးချမ်းသာ (၁၃/လရန(နိုင်)၀၈၃၄၆၇)သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ လူနေ ရပ်ကွက်အမှတ် (သုဝဏ္ဏ)၊ မြေကွက်အမှတ် (၁/ခ)၊ ရေိယာ (၃.၄၀၀) ဧက၊ အကျယ်အဝန်း (၁၄၈၁၀၄)စတုရန်းပေရှိ နှစ် (၆၀)မြေငှားစာချုပ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား (၁၄-၅-၂၀၁၅)ရက်တွင် မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအောင်မင်း (၁၂/သဃက (နိုင်)၁၁၄၃၉၈)ထံမှ အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ (၁၄-၅-၂၀၁၅)ရက်စွဲပါ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ် စာချုပ်မူရင်းနှင့် ဦးအောင်မင်း အမည်ပေါက် ဂရန်မူရင်းတို့သည် ပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် (၁၄-၅-၂၀၁၅)ရက်စွဲ ပါ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်စာချုပ်ကို မူလချုပ်ဆိုထားသည့်အတိုင်း ပြန်လည်ချုပ်ဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတုံချန်တာ (ခ) ဦးချမ်းသာ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးစိန်ထွန်း (ခ) ဦးသန်းရွှေ
(တရားလွှတ်တော်ရှေ့နေ စဉ် - ၈၅၃၉)
Ph-09-254048547, 09-793268348

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်း ရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ ထန်းပင်ကုန်း တောင်ကွက်၊ ဦးပိုင်အမှတ်(၁၃/၂)၊ မြေကွက်အမှတ်(၄၅/ခ)၊ ဧရိယာ (၁.၇၀၀)ဧက အနက်မှ (၀.၁၂၇)ဧကရှိ ဦးအောင်သူ(၁၂/သလန(နိုင်)၁၀၅၆၉၃) အမည်ဖြင့် အခြားနည်းအသုံးပြုခွင့်ပြုမိန့်ပုံစံ(၁၅)ရရှိထားသောမြေ၏ အကျိုးခံစားခွင့်အားလုံးကို စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဒေါ်ဇာဇာဖြူ(၁၂/သလန(နိုင်)၀၇၅၅၀၅)က ယင်းမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံထားရှိခြင်းတို့မရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်ဇင်ထွန်း (၁၄/ကခန(နိုင်)၀၈၅၅၈၇)အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်အဖြစ် ဒေါ်ဇာဇာဖြူထံပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်စပ်လျဉ်းပြီးပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍(၇)ရက် အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းကင်ခမ်း (LLB,D.M.L, D.I.P.L) အထက်တန်းရှေ့နေ
(စဉ်-၄၀၇၂၈) တိုက်(၁၈)၊ အခန်း(၁၀)၊ အဏ္ဏဝါရိပ်သာ၊
